ကြေးမုံ
The Mirror
၁၃၇၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း ၁၀ ရက်၊ ကြာသပတေးနေ့၊ (9-10-2008) (၁၅၆)

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ နို့စားနွားမွေးမြူရေးခြံနှင့် နို့ထွက်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ရန်ကုန်　　အောက်တိုဘာ　　၈**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် လေးထောင့်ကန်ကျေးရွာရှိ ငွေစင်ပုလဲ နို့စားနွားမွေးမြူရေးခြံသို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်ကြီးက ပြည်တွင်း၌ နို့စားနွားကောင်ရေငါးသိန်း မွေးမြူထားရှိမှု၊ နေ့စဉ် နွားနို့ထုတ်လုပ်မှုနှင့် ကူးစက်ရောဂါများအတွက် ကာကွယ်ဆေး ၁၉ မျိုး ထုတ်လုပ်ဖြန့်ဖြူးမှု အခြေအနေတို့နှင့် စပ်လျဉ်း၍ လည်းကောင်း၊ နို့စားနွား မွေးမြူသူများအသင်း၊ နို့နှင့် နို့ထွက်ပစ္စည်း ထုတ်လုပ်

**စာမျက်နှာ ၈ ကော်လံ ၁ သို့**✳



**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မင်္ဂလာဒုံမြို့နယ် လေးထောင့်ကန်ကျေးရွာရှိ ငွေစင်ပုလဲ နို့စားနွား မွေးမြူရေးခြံကို ကြည့်ရှုစစ်ဆေးစဉ်။**
(သတင်းစဉ်)

| နိုင်ငံရေး ဦးတည်ချက် (၄)ရပ် | စီးပွားရေးဦးတည်ချက် (၄)ရပ် | လူမှုရေး ဦးတည်ချက် (၄)ရပ် |
|---|---|---|
| ❁ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး | ❁ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး | ❁ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး |
| ❁ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး | ❁ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး | ❁ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး |
| ❁ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး | ❁ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး | ❁ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး |
| ❁ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး | ❁ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး | ❁ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး |

# တောင်ငူနှင့်အုတ်တွင်းမြို့နယ်ရှိ ကျေးရွာအုပ်စု ၆၁ အုပ်စုမှ တောင်သူများ လယ်ယာစီးပွားမြင့်မားစေမည့် ခပေါင်းရေလွှဲဆည်

**သတင်းဆောင်းပါး - မောင်မောင်ကျော်**

ပဲခူးတိုင်းသည် လယ်ယာစီးပွားရေးတွင် အဓိကကျသည့် သီးနှံများဖြစ်သော ဆန်စပါး၊ ပဲမျိုးစုံ၊ ဝါ၊ ကြံ၊ ဆီထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်သည့်တိုင်း ဖြစ်သည်။ ပဲခူးတိုင်း၌ ယခုနှစ် စိုက်ပျိုးရာသီတွင် မိုးစပါးဧက သိန်း ၃၀ စိုက်ပျိုးနိုင်ခဲ့ပြီး နွေစပါးဧက လေးသိန်းကျော် စိုက်ပျိုးနိုင်အောင် လျာထားဆောင်ရွက်လျက်ရှိသည်။ ယခုနှစ်စိုက်ပျိုးရာသီတွင် **စာမျက်နှာ ၈ ကော်လံ ၃ သို့**❖

**ပဲခူးတိုင်း တောင်ငူခရိုင် အုတ်တွင်းမြို့နယ်၌ တည်ဆောက်ထားသည့် ခပေါင်းရေလွှဲဆည်ကို တွေ့ရစဉ်။**



**ယနေ့ ကြေးမုံ ဆောင်းပါးနှင့်သတင်းများအညွှန်း**

“သုံးပွင့်ဆိုင် စောင့်ရှောက်ပေးမှုမျိုးနှင့်သာ ဆောင်ရွက်ပေးပါမှ ကျန်းမာသန်စွမ်းတဲ့ သားကောင်းရတနာလေးများ မွေးထုတ်ပေးနိုင်”

မျက်စိရောဂါတိုက်ဖျက်ပါ အနာဂတ်ဘဝလွန်သာယာ (ဆောင်းပါး)

စာမျက်နှာ - ၆



ဘောလုံး အားကစား သတင်းများ

စာမျက်နှာ - ၁၁





နိုင်ငံတကာလေကြောင်း မတော်တဆဖြစ်ရပ်သတင်းများ

စာမျက်နှာ - ၁၁

ကြေးမုံ The Mirror
၉-၁၀-၂၀၀၈
(ကြာသပတေးနေ့)

# ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝိုင်းဝန်းဆောင်ရွက် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး မြင့်မားတိုးတက်

နိုင်ငံတော်အစိုးရက လူဦးရေ အများဆုံးနေထိုင်သည့် ကျေးလက်ဒေသများ ဖွံ့ဖြိုးလာစေရန် လိုအပ်ချက်များကို ဖြည့်ဆည်းဖော်ဆောင်ပေးလျက်ရှိရာ မြို့ပြနှင့်ကျေးလက်ဒေသများ တစ်ဆက်တစ်စပ်တည်း ဖွံ့ဖြိုးလာနေသည်ကို တွေ့ရသည်။

ဒေသအလိုက် ကျေးရွာချင်းဆက် လမ်းသစ်များ၊ ကျေးလက်နှင့် မြို့ပြဆက်သွယ်သည့် လမ်းများနှင့် မြစ်ကူး၊ ချောင်းကူးတံတားများစွာကို ဖောက်လုပ်တည်ဆောက်ပေးလျက်ရှိရာ ကျေးလက်ပြည်သူများ ကူးသန်းဆက်သွယ် သွားလာမှု ပိုမိုလွယ်ကူလာနေပြီဖြစ်သည်။ ယခုအခါ ဒေသအလိုက် အခြေခံပညာကျောင်းဆောင်သစ်များ၊ ကျေးရွာတွဲဖက်အခြေခံပညာ အထက်တန်းကျောင်း၊ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်၊ ကျေးလက်မီးလင်းရေးများကိုလည်း ထူထောင်ထားရှိနိုင်ပြီဖြစ်သည်။

ထို့အပြင် ကျေးလက်ဒေသနေ ပြည်သူများ၏ ကျန်းမာရေးအထောက်အကူပြု တိုက်နယ်ဆေးရုံ၊ ကျေးလက်ဆေးပေးခန်းတို့ကိုလည်း တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိသည်။ အလှူရှင်များနှင့် သက်ဆိုင်ရာဝန်ကြီးဌာနတို့ စုပေါင်းလှူဒါန်းမှုဖြင့် ဆောက်လုပ်ခဲ့သည့် ပဲခူးတိုင်း၊ ဝေါမြို့နယ် သူရဲသမိန်တိုက်နယ်ဆေးရုံ၊ ကလေးကုသဆောင်နှင့် ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ကျောင်းဆောင်သစ်တို့ကို အောက်တိုဘာလ ၄ ရက်နေ့က ဖွင့်လှစ်ခဲ့သည်။

အလားတူ ပေါင်းလောင်းနယ်မြေ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံသစ်နှင့် ခရမ်းမြို့နယ် ကျီနီချောင်ကျေးရွာ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံသစ်တို့ကိုလည်း စက်တင်ဘာလအတွင်းက ဖွင့်လှစ်ပေးခဲ့ရာ ပတ်ဝန်းကျင်ကျေးရွာများမှ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်လျက်ရှိသည်။

ထို့နည်းတူ ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေးလုပ်ငန်းများကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးလျက်ရှိရာ ယခုအခါ စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းအတွင်းရှိ ၇၈ မြို့နယ်တွင် မြို့နယ်လုံးကျွတ် ကျေးရွာများအားလုံး သန့်ရှင်းသောသောက်သုံးရေ ရရှိသုံးစွဲနိုင်ကြပြီဖြစ်သည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရနှင့်အတူ စေတနာရှင်၊ အလှူရှင်ပြည်သူများ၊ အသင်းအဖွဲ့များကပါ အင်တိုက်အားတိုက် ဝိုင်းဝန်းကြိုးပမ်းဖော်ဆောင်ပေးလျက်ရှိရာ ကျေးလက်ဒေသနေ ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးများ တိုးတက်မြင့်မားလာလျက်ရှိနေပြီ ဖြစ်ပါသည်။ ။

# ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိ

**ရန်ကုန် အောက်တိုဘာ ၈**

'အစားမတော်တစ်လုတ်'အကြောင်းနှင့်ပတ်သက်၍ စားသုံးသူတွေအန္တရာယ်ကင်းဖို့အတွက် စားသုံးကုန်တွေရဲ့ အရည်အသွေးက အရေးကြီးလာမှု အပေါ် ဆရာဝန်ကြီးများ၊ ပညာရှင်များ၏ သုံးသပ်ချက်များပါသည့် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၄) အမှတ် (၃၉) ထွက်ရှိလာသည်။

၎င်းအပြင် မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ် မောင်တော၌ ရေထွက်ပုစွန်လေလံဈေးကွက် မကြာမီဖွင့်မည်၊ မန္တလေးစီးတီးအက်ဖ်အမ် ရန်ကုန်တွင်နားဆင်နိုင်ပြီ၊ အာရှဒေသတွင်း နိုင်ငံများနှင့် မြန်မာအင်ဂျင်နီယာများ အရည်အသွေးပိုင်းဆိုင်ရာ တစ်ပြေးညီ သတ်မှတ်နိုင်ရေးကျွမ်းကျင်မှုဆိုင်ရာ အရည်အသွေး စစ်ဆေးတည်းဖြတ်သောအဖွဲ့ ဖွဲ့စည်းဆောင်ရွက်မည်၊ မြန်မာ့ငှက်မျိုးစိတ် သုံးမျိုးတွေ့ရှိရန် ဘာကြောင့်ခက်ခဲ၊ ဂျပန်နှင့်ပူးပေါင်း၍ စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာ ဖွံ့ဖြိုးရေးစင်တာများ တည်ထောင်မည်၊ မြန်မာ-ကိုရီးယားနှစ်နိုင်ငံ အပြန်အလှန်ကုန်သွယ်ရေး မြှင့်တင်မှုအကြောင်း၊ သံနှင့်သံမဏိများ နိုင်ငံတကာအဆင့်မီ ထုတ်လုပ်နိုင်ရန် မြောင်းတကာတွင် စက်ရုံသစ်တည်ထောင်မည်၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ "သီတင်းကျွတ်ကာလ" အကြောင်းစသည့်ကဏ္ဍစုံလင်စွာဖြင့် ပြည်တွင်းရေးရာ သတင်းများပါရှိသည်။ ခန္ဓာကိုယ်မှ ဝိညာဉ်ထွက်သည်ဟူသည့်ဖြစ်ရပ်များ အမှန်တကယ်ဟုတ်၊ မဟုတ် သိပ္ပံပညာရှင်များလေ့လာမည်၊ ဗီယက်နမ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတန်ဖိုး တိုးပွားလာ၊ အာရှတွင် လစ်ပ်တန်တံဆိပ်နို့လက်ဖက်ရည် ပြန်လည်သိမ်းဆည်း၊ သက်ဆင်၏ နိုင်ငံကူးလက်မှတ်ကိစ္စ ဝန်ကြီးချုပ်သစ် ဆွန်မ်ချိုင်း ဆုံးဖြတ်မည်ဟုဆို၊ နို့မှုန့်တွင် မယ်လမင်းထည့်သွင်းရောင်းချမှုဖြင့် နိုင်ငံမြောက်ပိုင်းရှိ ရဲတပ်ဖွဲ့က လူ၂၂ဦးအား ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း တရုတ်နိုင်ငံပိုင် မီဒီယာက ဖော်ပြ၊ ကလေးငယ်များ မိုလ်ဘိုင်းဖုန်း အသုံးမပြုသင့်သည့် အကြောင်းအချက်များ၊ "တစ္ဆေမျက်နှာဖုံးစွပ် လူသတ်သမားအကြောင်း" မှုခင်းရေးရာကဏ္ဍ၊ ဟာသကဏ္ဍ၊ "ပြောရဦးမယ် သူတို့က ဒီလိုတဲ့" ဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေး၊ နည်းပညာကဏ္ဍ စုံလင်စွာ ပါရှိသည်။ (သတင်းစဉ်)

## ပြည်သူ့သဘောထား

✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။





အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် မြောင်းတကာ ပင်မဓာတ်အားခွဲရုံတွင် ကမာနတ်(ပဲခူး) မြောင်းတကာ ၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်း တာဝါတိုင်အမှတ်(၁၆၈) တာဝါတိုင် တပ်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(အမှတ်-၂ လျှပ်စစ်)

# မှော်ဘီမြို့နယ် မြောင်းတကာ ပင်မဓာတ်အားခွဲရုံ ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၈

**အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ယမန်နေ့ နံနက် ၉နာရီတွင် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ရုံးချုပ်ခန်းမ၌ ကျင်းပသည့် အင်္ဂလိပ်စာ အခြေခံကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၁/၂၀၀၈) ဖွင့်ပွဲသို့ တက်ရောက် အမှာစကားပြောကြားသည်။**

ဆက်လက်၍ ဝန်ကြီးသည် မှော်ဘီမြို့နယ် မြောင်းတကာ ပင်မဓာတ်အားခွဲရုံ၌ ကမာနတ်(ပဲခူး)-မြောင်းတကာ (မှော်ဘီ) 230 KV မဟာဓာတ်အားလိုင်း တည်ဆောက်ပြီးစီးမှု အခြေအနေများနှင့် ဓာတ်အားလိုင်းများ ချိတ်ဆက်ဓာတ်အားပို့လွှတ်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ရှင်းလင်းခန်းမ၌ ကမာနတ်(ပဲခူး)-မြောင်းတကာ (မှော်ဘီ) 230 KV မဟာဓာတ်အားလိုင်း တည်ဆောက်လျက်ရှိသည့် ကုမ္ပဏီလုပ်ငန်းရှင် တာဝန်ရှိသူများနှင့် တွေ့ဆုံကာ လုပ်ငန်းဆိုင်ရာများကို မှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် မြောင်းတကာ ပင်မဓာတ်အားခွဲရုံအနီး ကမာနတ်(ပဲခူး)နှင့် မြောင်းတကာ ၂၃၀ ကေဗွီဓာတ်အားလိုင်း တာဝါတိုင်အမှတ်(၁၈၆) တာဝါတိုင် တပ်ဆင်ခြင်းလုပ်ငန်းများနှင့် ဓာတ်အားလိုင်း အဝင်၊ အထွက် ချိတ်ဆက်ဓာတ်အားပို့လွှတ်မှုကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)





**မန္တလေးတိုင်း တောင်သာမြို့နယ် ဒဟတ္တန်းကျေးရွာ သီရိမင်္ဂလာတွင် သောက်သုံးရေရရှိရေး စက်ရေတွင်းတူးဖော်ရန်အတွက် ငွေကျပ်ငါးသိန်းကို မြောက်ဥက္ကလာပမြို့နယ် မဓာဝီလမ်းနေ မုံရွာဆရာမိုး-(ဒေါ်သိန်းမှီ)၊ သား ဗိုလ်ကြီးကျော်ကိုကိုရှိန်း၊ သမီး မမိုးပြည့်ပြည့်ဖြိုး (မုံရွာဆရာမိုးတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး) မိသားစုက စက်ရေတွင်းအကောင်အထည်ဖော်ရေး အကျိုးဆောင်နာယက ဆရာမြင့် (စကြာမင်း တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)သို့ပေးအပ်စဉ်။** (၆၇)

# မြန်မာနိုင်ငံ စိုက်ပျိုးရေးအခြေခံစားသောက်ကုန် ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ပထမအကြိမ် နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၈**

မြန်မာနိုင်ငံ စိုက်ပျိုးရေးအခြေခံ စားသောက်ကုန် ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ပထမအကြိမ် နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေး၊ စာတမ်းဖတ်ပွဲနှင့် စားသောက်ကုန်ပြပွဲကို အောက်တိုဘာ ၁၁ ရက် (စနေနေ့) ညနေ ၃ နာရီတွင် UMFCCI Office Tower မင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်ရာ အစည်းအဝေး တက်ရောက်ရန် အသင်းဝင်များထံ ဖိတ်စာများကြိုတင် ပေးပို့ထားပြီးဖြစ်ကြောင်းနှင့် ဖိတ်စာမရရှိသော အသင်းသူ၊ အသင်းသားများသည် အသင်းရုံးတည်ရှိရာ အမှတ်-၂၉၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း -၂၁၄၈၄၆ သို့လည်းကောင်း၊ E-mail: admin-central@mafpea.org.mm သို့လည်းကောင်း ဆက်သွယ်သတင်းပေးပို့၍ အစည်းအဝေးတက်ရောက်နိုင်သည်။

နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးကို ဂုဏ်ပြုသောအားဖြင့် "အသိပညာဗဟုသုတတိုးပွားစေမည့် စားသောက်ကုန်ထုတ်လုပ်မှုဆိုင်ရာ စာတမ်းဖတ်ပွဲ" အပြင် "စားသောက်ကုန်ပြပွဲ" များကိုပါ ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

## ပါဝင်ယှဉ်ပြိုင်

**လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်း အမှတ်(၄) အလုံမြို့နယ်၏ ဉာဏစွမ်းရည်ပြိုင်ပွဲကို အောက်တိုဘာ ၇ ရက်က ကျောင်းခန်းမ၌ ကျင်းပရာ အငယ်ဆင့်(ဒီ) တန်းမှ ရင်သွေးငယ်လေးများက ကဏန်းမိသားစုသီချင်းကဗျာဖြင့် အဖွဲ့လိုက် ပါဝင်ယှဉ်ပြိုင်စဉ်။** (၃၂)



## လော်ကားဥယျာဉ် သီတင်းကျွတ်လပြည့်နေ့ ဖွင့်လှစ်မည်

**ရန်ကုန် အောက်တိုဘာ ၈**

သစ်တောဦးစီးဌာန လော်ကားဥယျာဉ်ကို နေ့စဉ် ပုံမှန်နံနက် ၈နာရီမှ ညနေ ၄ နာရီအထိသာ ဖွင့်လှစ်ထားသော်လည်း အောက်တိုဘာ ၁၄ ရက် (သီတင်းကျွတ်လပြည့်နေ့) တွင် အများပြည်သူများ စိတ်ချမ်းမြေ့ပျော်ရွှင်စွာ အပန်းဖြေအနားယူနိုင်ရန် နံနက် ၈နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)





(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် ပြိုင်ပွဲကျင်းပရေးဦးစီး ကော်မတီဒုတိယဥက္ကဋ္ဌ၊ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်တို့ (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပမည့် နေပြည်တော် ရေဆင်းတက္ကသိုလ် နယ်မြေရှိ ခန်းမများကို ကြည့်ရှုစစ်ဆေးကြစဉ်။ (သတင်းစဉ်)

# (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပမည့်နေရာများ တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၈

**(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်တို့သည် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနှင့် ဆပ်ကော်မတီများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ယမန်နေ့ ညနေ ၃ နာရီတွင် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများ ကျင်းပမည့် နေပြည်တော်ရေဆင်းတက္ကသိုလ်နယ်မြေရှိ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ရွှေရတုခန်းမ၊ သစ်တောသုတေသန စုဝေးခန်းမ၊ စိုက်ပျိုးရေးတက္ကသိုလ်စုဝေးခန်းမ၊ စာသင်ခန်းမနှင့် ဘွဲ့နှင်းသဘင်ခန်းမ၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနစုဝေးခန်းမ၊ အမှတ်(၇) တည်းခိုရေးစခန်းရှိ သင်တန်းခန်းမတို့၌ ပြိုင်ပွဲများ ကျင်းပနိုင်ရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။**

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် အဖွဲ့ဝင်များသည် ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ လေ့လာရေးအဖွဲ့ဝင်များ တည်းခိုမည့် အမှတ်(၇) တည်းခိုရေးစခန်းရှိ တည်းခိုဆောင်များ ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေနှင့် စားရိပ်သာများ၊ ချက်ပြုတ်ဆောင်များ ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။ (သတင်းစဉ်)

## ချစ်နိုင်(စိတ်ပညာ)၏ စာအုပ်ထွက်ရှိ

**ရန်ကုန် အောက်တိုဘာ ၈**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်(ချစ်နိုင်-စိတ်ပညာ)ရေးသားသည့် “ငါဘာလဲ”စာအုပ် ထွက်ရှိသည်။

အဆိုပါစာအုပ်တွင် စာရေးသူက “ဆယ်ကျော်သက်များနှင့် အသက်နှစ်ဆယ်၊ သုံးဆယ်အရွယ်များ ကိုယ့်အကြောင်းကို ကိုယ်ဂုဃနဏသိအောင် လုပ်ရန်လိုကြောင်း၊ လျင်မြန်စွာ ပြောင်းလဲနေသော ခေတ်ရေစီးတွင် အသိအမြင်ဗဟုသုတ ခေတ်နောက်ကျ၍ အမြင်ကျဉ်းမြောင်းစွာ ကိုယ့်ကိစ္စ၊ ကိုယ့်အတ္တ ကွက်ကွက်ကိုသာ ကြည့်ပြီးလုပ်နေပါက အကြောင်းအမျိုးမျိုးကြောင့် လဲပြိုနစ်မွန်းသွားနိုင်ကြောင်း၊ မိမိအကြောင်း မိမိကောင်းစွာသိရှိပြီး နည်းမှန်၊ စနစ်မှန်နှင့် လမ်းမှန်ကို ရွေးချယ်လုပ်ဆောင်ရန်” လိုအပ်ပုံတို့ကို “ငါဘာလဲ” အမည်ဖြင့် မေလေးသို့ပေးစာ (၁၉)ပုဒ်ဖြင့် စုစည်းဖော်ပြထားကြောင်း၊ “နိုင်”စာပေ အမှတ် ၂၂၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့ ဖုန်း- ၂၅၄၂၇၀၊ ၀၉-၅၀၃၄၅၀၇ မှ ဖြန့်ချိ၍ တန်ဖိုးငွေကျပ် ၁၂၀၀ ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

## ဘုရင့်နောင်လမ်း အဆင့်မြင့်ထပ်ပိုးလွှာခင်း

**ရန်ကုန် အောက်တိုဘာ ၈**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းသည် တွဲဖက်အတွင်းရေးမှူး ဦးကျော်စိုး၊ ကော်မတီဝင် ဦးညီညီနှင့် တာဝန်ရှိသူများလိုက်ပါ၍ အောက်တိုဘာ ၆ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ အဆင့်မြင့်ရေးအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)က ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ရှေးဦးစွာ မြို့တော်ဝန်သည်ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ ရေကြောင်းပညာသိပ္ပံအနီး ဘုရင့်နောင်လမ်းသို့ ရောက်ရှိပြီး ဘုရင့်နောင်လမ်း အဆင့်မြင့်ရေးနှင့် ယာဉ်သွားလာမှု လွယ်ကူချောမွေ့စေရေးအတွက် ကတ္တရာကွန်ကရစ်ထပ်ပိုးခင်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး **(အောက်ပုံ)** တာဝန်ရှိသူများအား ရေရှည်တည်တံ့ခိုင်မြဲမှုရှိစေရန် စံချိန်စံညွှန်း ပြည့်မီစွာ စနစ်တကျ ဆောင်ရွက်ရေးမှာကြားပြီး လုပ်ငန်းလိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ (၁၉)



## ပြည်နယ်နှင့်တိုင်း ဝူရှုးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၈**

၂၀၀၈ ခုနှစ် တတိယအကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ဝူရှုးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယမန်နေ့ ညနေ ၃ နာရီတွင် ရန်ကုန်မြို့ အမျိုးသား အားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပသည်။

ဗိုလ်လုပွဲများအပြီး ဆုပေးပွဲကို ဆက်လက်ကျင်းပရာ တာဝန်ရှိသူများက ဆုရရှိကြသူများအား ဆုများ ချီးမြှင့်ကြပြီး မြန်မာနိုင်ငံ ဝူရှုးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဟန်မင်းထွန်းက အမျိုးသား ထောက်လုပြိုင်ပွဲတွင် အကောင်းဆုံး အားကစားသမားဆုရ ရန်ကုန်တိုင်းမှ ဟိန်းဇော်နှင့် ဆန်းဆိုပြိုင်ပွဲတွင် အမျိုးသားအကောင်းဆုံး အားကစားသမားဆုရ စစ်ကိုင်းတိုင်းမှ ဝေယံလင်းတို့အား ဆုများ ချီးမြှင့်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီးကိုယ်စား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီအထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ထောက်လုပြိုင်ပွဲ တံခွန်စိုက်ပထမဆုရ ရန်ကုန်တိုင်း၊ ဆန်းဆိုပြိုင်ပွဲ တံခွန်စိုက် ပထမဆုရ မန္တလေးတိုင်းအသင်းတို့အား တံခွန်စိုက်ဒိုင်းဆုနှင့် ဆင့်ပွားဒိုင်းများကိုလည်းကောင်း၊ စုပေါင်းတံခွန်စိုက်ဒိုင်းဆုရ ရန်ကုန်တိုင်းအသင်းအား တံခွန်စိုက်ဒိုင်းဆုကြီး ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီးကိုယ်စား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် တတိယအကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ဝူရှုးပြိုင်ပွဲတွင် စွယ်စုံတံခွန်စိုက်ဒိုင်းဆုရ ရန်ကုန်တိုင်းအသင်းမှ ဝူရှုးအားကစားဆပ်ကော်မတီဥက္ကဋ္ဌ ဦးအေးမင်းထွန်းနှင့် တာဝန်ရှိသူများအား စွယ်စုံတံခွန်စိုက်ဒိုင်းဆုကြီး ပေးအပ်ချီးမြှင့်စဉ်။** (သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၉-၁၀-၂၀၀၈ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မြဝတီအဖွင့် |
| ၇း၀၅ | ၂။ | အဖွင့်သီချင်း |
| ၇း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇း၂၀ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇း၃၀ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၄၅ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ် |
| ၇း၅၀ | ၇။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇း၅၅ | ၈။ | အမျိုးသားရေးတေးကဗျာ |
| ၈း၀၀ | ၉။ | မြဝတီရုပ်မြင်သံကြား သတင်း |
| ၈း၁၀ | ၁၀။ | အမျိုးသားရေးတေးကဗျာ |
| ၈း၁၅ | ၁၁။ | အပိတ်နှုတ်ဆက်စကား |
| ၈း၁၆ | ၁၂။ | ပြီးပါပြီ။ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | မြဝတီအဖွင့် |
| ၄း၀၅ | ၂။ | အဖွင့်သီချင်း |
| ၄း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၄း၂၀ | ၄။ | အမျိုးသားရေးတေးကဗျာ |
| ၄း၃၅ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၄း၄၅ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ် |
| ၅း၁၀ | ၇။ | မြတ်နိုးကြစေအမျိုးသားအမွေ |
| ၅း၂၀ | ၈။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၆း၀၀ | ၉။ | မြဝတီရုပ်မြင်သံကြား သတင်း |
| ၆း၁၀ | ၁၀။ | နိုင်ငံတကာသတင်း |
| ၆း၂၀ | ၁၁။ | အမျိုးသားရေးတေးကဗျာ |
| ၆း၂၅ | ၁၂။ | **ကာတွန်းအစီအစဉ် ကျားကလေးရဲ့မွေးရပ်မြေ (အပိုင်း-၃၅)** |
| ၆း၄၅ | ၁၃။ | လျှပ်တစ်ပြက်ရိုက်ချက် |
| ၇း၀၀ | ၁၄။ | **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း သံမဏိစိတ်ဓာတ် (အပိုင်း-၁၁)** |
| ၈း၀၀ | ၁၅။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၆။ | မိုးလေဝသသတင်း |
| | ၁၇။ | အမျိုးသားရေးတေးကဗျာ |
| | ၁၈။ | အနုပညာရှင်၏တစ်နေ့တာ |
| | ၁၉။ | ကုန်သွယ်သုတ |
| | ၂၀။ | မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ |
| | ၂၁။ | ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင် |
| | ၂၂။ | **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း လေကြောင်းမြို့တော် (အပိုင်း-၂)** |
| | ၂၃။ | သင့်အတွက်မနက်ဖြန် |
| | ၂၄။ | အပိတ်နှုတ်ဆက်စကား |
| | ၂၅။ | ပြီးပါပြီ။ |

## အထက(၂) ပုဇွန်တောင် စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်မည်

**ရန်ကုန် အောက်တိုဘာ ၈**

အထက(၂) ပုဇွန်တောင်တွင် ၁၉၆၆ ခုနှစ်မှ ၁၉၉၂ ခုနှစ်အထိ ပညာသင်ကြားပို့ချခဲ့ကြသော အသက်(၆၀)ပြည့်ပြီး အငြိမ်းစား ဆရာ၊ ဆရာမကြီးများအား စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ၃၀ရက် မွန်းလွဲ ၁နာရီတွင် အထက(၂) ပုဇွန်တောင် တေဇခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများအနေဖြင့် ကိုယ်တိုင်ပါဝင် ကန်တော့ခြင်းပြုနိုင်ရန်နှင့် အလှူငွေနှင့်ပစ္စည်းများ လှူဒါန်းလိုသော ကျောင်းသား၊ ကျောင်းသူဟောင်းများအနေဖြင့် ဆရာဦးလှဖေ ဖုန်း-၆၆၆၄၁၇၊ ဆရာမ ဒေါ်တင်နွဲ့ ဖုန်း-၂၉၆၂၆၈၊ ဆရာဦးထွန်းလွင် ဖုန်း-၂၀၂၄၉၇၊ ၀၉-၅၁၄၉၃၅၃၊ ဆရာမ ဒေါ်ခင်အေးမြ ဖုန်း-၂၉၇၁၆၇၊ ၀၉-၅၁၄၁၂၉၄၊ ဦးအောင်ခင် ဖုန်း-၂၄၉၁၀၂၊ ၀၉-၅၀၀၀၇၅၀၊ ဦးအောင်ကျော်မြင့် ဖုန်း-၂၉၁၅၃၅၊ ၂၉၉၀၈၆၊ ဦးအောင်ဝင်း ဖုန်း-၂၄၀၅၀၉၊ ၀၉-၅၀၀၁၄၈၂၊ ဦးဇော်မင်းဦး ဖုန်း-၀၉-၅၀၀၄၃၇၁၊ ဒေါ်ခင်မမ၊ မမေပြုံးဇော် ဖုန်း-၀၉-၅၁၂၇၇၁၀၊ ဒေါ်တင်မျိုးကျော် ဖုန်း-၂၉၂၀၈၆ နှင့် ဒေါ်ခိုင်ခိုင်ဦး ဖုန်း-၀၉-၅၁၅၂၉၇၄၊ မောင်မိုး(၁၉၉၀-၂၀၀၁)ဖုန်း-၀၉-၅၁၅၁၅၀၃၊ မောင်လွင်ဟန် (၁၉၉၀-၂၀၀၁) ဖုန်း-၂၉၈၂၀၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)



## အိုဘားမားကို ဝေဖန်သော အမေရိကန်စာရေးဆရာ ကင်ညာတွင် အဖမ်းခံရ

**နိုင်ရိုဘီ အောက်တိုဘာ ၇**

အမေရိကန်ပြည်ထောင်စု ဒီမိုကရက်တစ်ပါတီမှ သမ္မတလောင်းဘာရက် အိုဘားမားအားဝေဖန်သော အမေရိကန်အရောင်းရဆုံးစာရေးဆရာကို နိုင်ရိုဘီတွင်ကျင်းပမည့် သတင်းစာရှင်းလင်းပွဲပြင်ဆင်နေစဉ် ကင်ညာလူဝင်မှုကြီးကြပ်ရေးအရာရှိများက အင်္ဂါနေ့တွင် ဖမ်းဆီးလိုက်သည်။ **(အပေါ်ပုံ)**

ရှေးရိုးဆန်သော ဝေဖန်သူ ဂျဲရိုးမီး အာကော်စီသည် သူရေးသားသော "ဒီအိုဘားမားနေရှင်း" စာအုပ်တွင် အိုဘားမားအား ဝေဖန်တိုက်ခိုက်ထားသည်။ ကင်ညာနိုင်ငံတွင် တရားဝင်အလုပ်လုပ်ခွင့် ခွင့်ပြုမိန့်မရှိဘဲနှင့် အလုပ်လုပ်ရန်ကြိုးစားနေသည့်အတွက် ဖမ်းဆီးရခြင်းဖြစ်ကြောင်း ပြည်တွင်းသတင်းဌာနများက ရေးသားကြသည်။ သတင်းများအရ မစ္စတာကော်စီကို မူရင်းနိုင်ငံသို့ ပြန်ပို့မည်ဟု သိရသည်။ ကင်ညာလူဝင်မှုကြီးကြပ်ရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူ အီလီယပ်စ်နီရူးက ကော်စီ၏ လူဝင်မှုပုံစံမှာ စနစ်တကျစည်းကမ်းနှင့် မညီညွတ်ကြောင်း ပြောကြားသည်။

အိုဘားမား၏ဖခင်မှာကင်ညာလူမျိုးဖြစ်သောကြောင့်များစွာသောကင်ညာလူမျိုးများသည် ၎င်းအပေါ်တွင် အထူးအလေးအနက်ထားကြပြီး ချီးကျူးထောပနာပြုလျက်ရှိကြသည်။ ***အင်တာနက်။***

## မက်ဗီဒက်ဗ်နှင့်အိုလ်မတ်တို့ အရှေ့အလယ်ပိုင်းအရေးဆွေးနွေး

**မော်စကို အောက်တိုဘာ ၇**

ရုရှားသမ္မတမက်ဗီဒက်ဗ်နှင့် ရုရှားနိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော အစ္စရေးဝန်ကြီးချုပ် အီဟွတ်အိုလ်မတ်တို့သည် အင်္ဂါနေ့က မော်စကိုတွင် တွေ့ဆုံဆွေးနွေးကြရာ အရှေ့အလယ်ပိုင်းဒေသငြိမ်းချမ်းရေးရရှိအောင် တွန်းအားပေးဆောင်ရွက်ကြရန်နှင့် နှစ်နိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်ကြရန်ကတိကဝတ်ပြုကြသည်။

ရုရှားနှင့် အစ္စရေးနိုင်ငံတို့၏ နှစ်နိုင်ငံဆက်ဆံရေးသည် တိုးတက်ကောင်းမွန်လျက်ရှိကြောင်း၊ အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးရရှိရန်အတွက်ရုရှားနိုင်ငံသည်အပြုသဘောဆောင်၍တက်ကြွစွာပါဝင်ဆောင်ရွက်မည်ဖြစ်ကြောင်း မက်ဗီဒက်ဗ်က အိုလ်မတ်အားပြောကြားခြင်းကိုအင်တာဖက်စ်သတင်းဌာနက ကိုးကားဖော်ပြသည်။

အိုလ်မတ်သည် ရုရှားသမ္မတ၏ ဧည့်သည်တော်အဖြစ် မော်စကိုမြို့သို့ အလည်အပတ် ရောက်ရှိနေခြင်းဖြစ်သည်။ ***အင်တာနက်။***




## အီးယူ၏အပြုအမူသည် မှန်ကန်ခြင်းမရှိဟု အီရန်စွပ်စွဲ

**တီဟီရန် အောက်တိုဘာ ၇**

အီရန်နိုင်ငံက အငြင်းပွားလျက်ရှိသော နျူကလီးယားအစီအစဉ်နှင့်ပတ်သက်ပြီးအင်အားကြီးခြောက်နိုင်ငံ၏အပြုအမူသည် သင့်လျော်မှန်ကန်ခြင်းမရှိဟုစွပ်စွဲပြောကြားလိုက်သည်။ သို့သော် ဥရောပသမဂ္ဂ (အီးယူ)ကမူ သံတမန်ရေးအရ လည်းကောင်း၊ အရေးယူရေးနည်းလမ်းအရ လည်းကောင်း နည်းလမ်းနှစ်သွယ်ဖြင့် ချဉ်းကပ်မည်ဖြစ်ကြောင်း အင်္ဂါနေ့က ပြောကြားသည်။

အီရန်နိုင်ငံ၏ နျူကလီးယားဆွေးနွေးရေး ထိပ်တန်းကိုယ်စားလှယ်ဆာအိဂျာလီလီကဥရောပသမဂ္ဂနိုင်ငံခြားရေးမူဝါဒ အကြီးအကဲဂျေဗီယာဆိုလာနာအား တနင်္လာနေ့က ပေးပို့သောစာတွင် အဆိုပါ စွပ်စွဲချက်များကိုထည့်သွင်းရေးသားထားသည်။

အီရန်နိုင်ငံမှစာထဲတွင် အီးယူ၏မူဝါဒကို ဝေဖန်ပြစ်တင်ထားသည်။ အီးယူ၏မူဝါဒမှာ ရှင်းလင်းကြောင်း၊ လမ်းနှစ်သွယ်ဖြင့် ချဉ်းကပ်ခြင်း ဖြစ်ကြောင်းဆိုလာနာက ရိုက်တာသတင်းဌာနသို့ဘာလင်မြို့တွင်ပြောကြားသည်။

ဂျာလီလီ၏ စာမိတ္တူတစ်စောင်ကို ရိုက်တာသတင်းဌာနကရရှိရာလိပ်စာကို ဆိုလာနာမှတစ်ဆင့် အမေရိကန်ပြည်ထောင်စု၊ဗြိတိန်၊ပြင်သစ်၊တရုတ်၊ရုရှားနှင့်ဂျာမနီနိုင်ငံခြားရေး ဝန်ကြီးများထံ လိပ်မူထားသည်ကို တွေ့ရသည်ဟုဆိုသည်။ ***အင်တာနက်။***

## အာဖဂန်ဒုက္ခသည်များအတွက် ဆောင်းရာသီအမီ အပြည်ပြည်ဆိုင်ရာကြက်ခြေနီက အကူအညီပေးမည်

**ကဘူး အောက်တိုဘာ ၇**

အာဖဂန်နိုင်ငံတွင် ဆောင်းရာသီကျရောက်တော့မည်ဖြစ်ရာ လိုအပ်သော အခက်အခဲများကို ကူညီပေးရန် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့(အိုင်စီအာစီ) နှင့် အာဖဂန်လခြမ်းနီအဖွဲ့တို့ပူးပေါင်း၍ အာဖဂန်နိုင်ငံမြောက်ပိုင်းနှင့် အနောက်မြောက်ပိုင်းရှိ ပြည်သူပေါင်း ၂၈၀၀၀၀ခန့်အတွက် အကူအညီပေးရေးပစ္စည်းများကို ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း အိုင်စီအာစီအဖွဲ့က ပြောကြားသည်။

အာဖဂန်နိုင်ငံ မြောက်ပိုင်းတွင် မိုးခေါင်ခြင်း၊ လုံခြုံမှု မရှိခြင်းနှင့် အစားအသောက်ဈေးနှုန်းများမြင့်တက်မှုများကြောင့် အာဖဂန်ပြည်သူထောင်ပေါင်းများစွာမှာ မိမိတို့နေအိမ်များကို စွန့်ခွာ၍ ဘေးလွတ်ရာသို့ ပြောင်းရွှေ့ရလိမ့်မည် ဖြစ်ကြောင်း အိုင်စီအာစီက အောက်တိုဘာ ၇ ရက်နေ့ထုတ်ကြေညာချက်တွင်ဖော်ပြထားသည်။

အာဖဂန်နိုင်ငံ မြောက်ပိုင်းနှင့် အနောက်မြောက်ပိုင်းရှိ ခန်ဒက်၊ ဘယ်ခ်ဖာရက်ဘ်နှင့် ဘတ်ဂျစ်ပြည်နယ်များ၏ ခရိုင်ရှစ်ခုရှိ ပြည်သူပေါင်း ၂၈၀၀၀၀ ခန့်၏ လိုအပ်သည့် အကူအညီများကို အိုင်စီအာစီနှင့် အာဖဂန်လခြမ်းနီတို့ ပူးပေါင်းတွေ့ဆုံ၍ ဆောင်ရွက်သွားမည်ဖြစ်သည်။ ထိုသို့ ဆောင်ရွက်ရာတွင် အစားအသောက်ပစ္စည်း မက်ထရစ်တန် ၅၀၀၀ ခန့် ဖြန့်ဝေပေးသွားမည်ဟုကြေညာချက်၌ ဖော်ပြထားသည်။

ထိုသို့အကူအညီပေးရေးပစ္စည်းများတွင် ဆန်၊ ပဲ၊ ထောပတ်၊ ဆား၊ သကြားနှင့် လက်ဖက်တို့ ပါဝင်ပြီး အာဖဂန် လခြမ်းနီအဖွဲ့မှ စေတနာ့ဝန်ထမ်းများကဒုက္ခရောက်သည့်ဒေသများမှ ပြည်သူများအား နှစ်ကြိမ်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းသို့ ဖြန့်ဝေပေးရာတွင်မည်သူတို့ ရရှိကြမည်ကို ယင်းအဖွဲ့၏ လေ့လာကွင်းဆင်းရေးအဖွဲ့မှရွေးချယ်ဆောင်ရွက်သွားမည်ဖြစ်သည်။ ပထမအကြိမ်ဖြန့်ဝေခြင်းကို ဆောင်းရာသီမတိုင်ခင် ဖြန့်ဝေပေးသွားမည်ဖြစ်ပြီး ဒုတိယအကြိမ်ကို ၂၀၀၉ခုနှစ်အစောပိုင်းကာလ၌ ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သတင်း၌ဖော်ပြထားသည်။

အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့သည်လူသားချင်းစာနာ နားလည်မှု အကူအညီပေးရေးဆိုင်ရာ ကိစ္စရပ်များကို အာဖဂန်လခြမ်းနီအဖွဲ့နှင့် ပူးပေါင်း၍ ဆောင်ရွက်သွားမည် ဖြစ်သည်။ ထိုအာဖဂန်လခြမ်းနီအဖွဲ့ရှိ စေတနာ့ဝန်ထမ်း ၂၀၀၀၀ ကျော်နှင့် ဒုက္ခရောက်ရသည့်ပြည်နယ်အားလုံး၌ လူသားချင်းစာနာနားလည်မှု အကူအညီပေးရေးဆိုင်ရာ ကိစ္စများအား ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရှိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***



**ဂျော်ဂျီယာနိုင်ငံ တီဘာလီဆီမြို့၏ အနောက်ပိုင်း ၅၆ မိုင်အကွာကာရာလတ်အရပ်စစ်ဆေးရေးဂိတ်တွင် စောင့်ကြပ်နေသော ရုရှားတပ်ဖွဲ့ဝင်တစ်ဦးကို အောက်တိုဘာ၇ရက်က တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

## သဘာဝဘေးအန္တရာယ်သတင်းများ



## ချဒ်တောင်ပိုင်းနှင့် ကင်မရွန်းမြောက်ပိုင်း၌ ရေကြီးမှုနှင့်ကြုံ

**ကင်မရွန်း အောက်တိုဘာ ၇**

ချဒ်နိုင်ငံတောင်ပိုင်းနှင့် ကင်မရွန်းနိုင်ငံအနောက်မြောက်ပိုင်းတို့တွင် ပြည်သူ ၇၀၀၀၀ ကျော် ရေကြီးမှုနှင့်ကြုံတွေ့နေရကြောင်း နိုင်ငံတကာကြက်ခြေနီအသင်းက ပြောကြားသည်။ ထောင်နှင့်ချီ၍ရှိသော ပြည်သူများသည် ရေကြီးစဉ်ကတည်းက ချဒ်နှင့် ကင်မရွန်းနိုင်ငံတို့တွင် အိုးအိမ်မဲ့ကျန်ရစ်ခဲ့သည်။ **(အပေါ်ပုံ)**

ချဒ်နိုင်ငံတောင်ပိုင်းရှိ ဒေသသုံးခုမှမိသားစု ၈၀၀၀ ကျော်နှင့် ကင်မရွန်းနိုင်ငံအနောက်မြောက်ပိုင်းရှိ မြို့အတွင်းနှင့်မြို့အနီးရှိ မိသားစု ၅၀၀၀ တို့ အိုးအိမ်မဲ့ဖြစ်ခဲ့ရကြောင်း ယင်းအဖွဲ့က ပြောကြားသည်။

နှစ်နိုင်ငံအတွင်းရှိ ရေဘေးဒဏ်နှင့် ကြုံတွေ့နေရသည့် ပြည်သူ ၁၄၀၀၀ ကို ကူညီရန် နိုင်ငံတကာကြက်ခြေနီအဖွဲ့က အရေးပေါ်လုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိသည်။

ကင်မရွန်းနိုင်ငံ အနောက်မြောက်ပိုင်း ဂါယူရယ်မြို့ ဝန်းကျင်ရှိ လယ်ယာမြေ ၈၀ ရာခိုင်နှုန်းခန့် ပျက်စီးခဲ့သည်။ ***အင်တာနက်။***

## မက္ကဆီကိုပင်လယ်ကွေ့ကုန်းတွင်းပိုင်းသို့ အပူပိုင်းမုန်တိုင်း မာကို တိုက်ခတ်

**မက္ကဆီကိုစီးတီး အောက်တိုဘာ ၇**

မက္ကဆီကို နိုင်ငံမြောက်ဘက် ဗီရက်ရုဇ် ဆိပ်ကမ်းအား အပူပိုင်းမုန်တိုင်း မာကိုတိုက်ခတ်မှုနှင့်ကြုံတွေ့နေကြောင်း အမေရိကန်အမျိုးသား ဟာရိကိန်းဗဟိုက ပြောကြားသည်။

အဆိုပါမုန်တိုင်း၏ ဗဟိုချက်သည် တစ်နာရီ ၈ မိုင်နှုန်းဖြင့် ကျွန်းဆီသို့ ရွေ့လျားနေသည်။ လေတိုက်နှုန်း အမြင့်ဆုံးမှာ တစ်နာရီ ၆၅ မိုင်နှုန်းဖြစ်ပြီး မိုးရေချိန်လေးလက်မကျော် ရွာသွန်းခဲ့သည်။

အောက်တိုဘာ ၇ ရက်စောစောပိုင်းက ယင်းမုန်တိုင်းသည် ဗီရက်ရုဇ် ဆိပ်ကမ်းမြောက်ဘက် ၅၅မိုင်ခန့်အကွာရှိကုန်းတွင်းပိုင်းသို့ ဝင်ရောက်တိုက်ခတ်ခဲ့သည်။ ***အင်တာနက်။***



**တရုတ်နိုင်ငံ တိဗက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ငလျင်လှုပ်ပြီးနောက် ရောဂါကာကွယ်ရေးလုပ်ငန်းများ ကြိုတင်ဆောင်ရွက်နေသည်ကို အောက်တိုဘာ ၆ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

## ရထားလမ်းသစ်နှစ်ခု ဖောက်လုပ်ရန် ဗီယက်နမ်စီစဉ်

**ဟန္နိုင်း အောက်တိုဘာ ၆**

ဗီယက်နမ်အစိုးရသည် ဟန္နိုင်းမြို့နှင့် ဟိုချီမင်းမြို့တို့တွင် အမေရိကန်ဒေါ်လာ၁၅ဘီလီယံအကုန်အကျခံ၍ ရထားလမ်းသစ်နှစ်ခုကို ဖောက်လုပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းအစီစဉ်သည် အဆိုပါမြို့ကြီးနှစ်မြို့တွင် လူဦးရေ အဆမတန်တိုးလာပြီး ယာဉ်အသွားအလာလည်း ရှုပ်ထွေးလာရာ ဤသို့ မနိုင်ဝန်ထမ်းနေရသည်ကို သက်သာသွားစေရန် လမ်းသစ် ဖောက်လုပ်ရေးအစီအစဉ်က အထောက်အကူပြုမည်ဟု ဆိုသည်။

အစိုးရ၏ ဝက်ဘ်ဆိုက်သတင်းအစီရင်ခံချက်ပါ ဖော်ပြချက်အရ ဟန္နိုင်းမြို့တွင် ကောင်းကင်ရထားသွားရန် ဓာတ်ရထားလမ်းများ၊ လမ်းခွဲများ အသစ်ဖောက်လုပ်ခြင်းနှင့် မြေအောက်ရထားလမ်း ဖောက်လုပ်ရာတွင် ရန်ပုံငွေထက်ဝက်ကို သုံးစွဲမည်ဟု သိရသည်။ ***အင်တာနက်။***

# အမေရိကန်နှင့် နေတိုးတပ်ဖွဲ့ဝင်များ တိုက်ခိုက်မှု အာဖဂန် အရပ်သူ၊ အရပ်သား ၃၂၀၀ သေဆုံးခဲ့ရ

**ကဘူး အောက်တိုဘာ ၇**

အာဖဂန်နစ္စတန်နိုင်ငံတွင် ၂၀၀၅ ခုနှစ်အတွင်း အမေရိကန်နှင့်နေတိုး တပ်ဖွဲ့များ၏ တိုက်ခိုက်မှုကြောင့် အာဖဂန်အရပ်သူ၊အရပ်သား ၃၂၀၀ သေဆုံးရကြောင်း၊ ထိုအရပ်သူ၊ အရပ်သားများသို့ ထုတ်ပေးသော နစ်နာကြေးမှာလည်း ကမ္ဘာတွင် ပေးနေသော နစ်နာကြေးအောက်များစွာ လျော့နည်းနေကြောင်း အမေရိကန် သုတေသီပါမောက္ခတစ်ဦးက လေ့လာတွေ့ရှိကြောင်း သိရသည်။

ထိုသုတေသနလုပ်ငန်းကိုဆောင်ရွက်သူမှာ နယူးဟမ်ရှိုင်းယားတက္ကသိုလ်မှ ပါမောက္ခ မတ်ဒဗလျူဟာရောလ် ဖြစ်သည်။ ၎င်း၏လေ့လာတွေ့ရှိချက်များကို အာဖဂန်နိုင်ငံအား ကျူးကျော်ဝင်ရောက်သည့် အောက်တိုဘာ ၇ ရက် နှစ်ပတ်လည်နေ့တွင် ထုတ်ပြန်ခြင်းဖြစ်သည်။

အမေရိကန်နှင့် နေတိုးတပ်ဖွဲ့များသည် တာလီဘန်များကို ဖြုတ်ချပြီး ချိန်မှစ၍ ဆက်လက်တိုက်ခိုက်လျက်ရှိရာ ထိုတိုက်ပွဲများအတွင်း အရပ်သူ၊ အရပ်သား အများအပြားသေဆုံးကြရသည်။ သို့ရာတွင်သေဆုံးရသော ကိန်းဂဏန်းကို အာဖဂန်အစိုးရနှင့် အမေရိကန်တို့က ထုတ်ပြန်လေ့မရှိပေ။

အာဖဂန်တွင် အမေရိကန်တို့သည် လေကြောင်းမှ တိုက်ခိုက်မှုများကို တိုးမြှင့်၍ ပြုလုပ်လာသည့်အတွက် အရပ်သားများ ထိခိုက်သေဆုံးနိုင်သည့် အခွင့်အလမ်းများလည်း ပို၍များပြားလာရသည်ဟု ဆိုသည်။

အာဖဂန်၌ဖြစ်ပွားသော တိုက်ပွဲများအတွင်း အရပ်သားများ တိုက်ခိုက်ခံရ၍ သေဆုံးရသော အရေအတွက်မှာ ၂၆၉၉ ဦးမှ ၃၂၇၃ ဦး အကြားတွင်ရှိကြောင်း တွေ့ရသည်ဟု ပါမောက္ခ ဟာရောလ်က ပြောကြားသည်။ ***အင်တာနက်။***



**အီရတ်နိုင်ငံ မိုလ်ဆူးမြို့မြောက်ပိုင်းရှိ ရဲစခန်းအား အသေခံကားဗုံးဖြင့် တိုက်ခိုက်မှုကြောင့် အပျက်အစီးများကို တွေ့ရစဉ်။**
*(ဓာတ်ပုံ-အင်တာနက်)*



**အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အနောက်ဘက် အမေရီယာခရိုင်ရှိ နေအိမ်များအား အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ဝင်ရောက်စီးနင်းစဉ်။**
*(ဓာတ်ပုံ-အင်တာနက်)*






**အီရတ်နိုင်ငံအတွင်း ဗုံးပဒေသာများ ပေါက်ကွဲမှုကြောင့် ဒါဇင်နှင့်ချီ၍ သေကျေဒဏ်ရာရပြီး ယာဉ်အပျက်အစီးများကို တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

# အာဖဂန်ကိုကျူးကျော်သူ အမေရိကန်တပ်ဖွဲ့ဝင် ၅၃၉ ဦးသေဆုံး

**ဝါရှင်တန် အောက်တိုဘာ ၇**

အမေရိကန်တပ်ဖွဲ့များသည် အာဖဂန်နစ္စတန်နိုင်ငံကို ၂၀၀၁ ခုနှစ်မှစ၍ ဝင်ရောက်တိုက်ခိုက်ခဲ့ကြသည်။ ၂၀၀၈ ခုနှစ် အောက်တိုဘာ ၆ ရက်နေ့အထိ ပြုစုထားရှိသော စာရင်းများအရ ကျူးကျော်သူ ကန်တပ်ဖွဲ့ဝင် ၅၃၉ ဦးသည် အာဖဂန်၊ ပါကစ္စတန်နှင့် ဥဇဘက်ကစ္စတန်နိုင်ငံနယ်စပ်တွင် သေဆုံးရကြောင်း ကာကွယ်ရေးဌာနက ထုတ်ပြန်သည်။

ယင်းကိန်းဂဏန်းအနက် ၃၈၉ ဦးမှာ ရန်လိုသော တိုက်ခိုက်မှုများကြောင့် သေဆုံးရခြင်းဖြစ်သည်ဟု ဆိုသည်။ အာဖဂန်နိုင်ငံ ပြင်ပတွင် ပြုလုပ်သောစစ်ဆင်ရေးများအတွင်း အမေရိကန်တပ်ဖွဲ့ဝင် ၆၆ ဦးအသက်ဆုံးရှုံးခဲ့ရသည်။ ၎င်းတပ်ဖွဲ့ဝင်များသည် ဂွမ်တာနာမို၊ ကျူးဘား၊ ဂျီဘူတီ၊ အီရီထရီးယား၊ အီသီယိုးပီးယား၊ ဂျော်ဒန်၊ ကင်ညာ၊ ကာဂျစ္စတန်၊ ဖိလစ်ပိုင်၊ ဆေရှယ်လ်၊ ဆူဒန်၊ တာဂျစ္စတန်၊ တူရကီနှင့် ယီမင်နိုင်ငံများတွင် အသက်ဆုံးရှုံးရခြင်း ဖြစ်သည်။

ထိုသေဆုံးမှုစာရင်းတွင် စီအိုင်အေထောက်လှမ်းရေးအဖွဲ့ဝင်လေးဦးနှင့် အမေရိကန် အရပ်သား တစ်ဦးတို့လည်း ပါဝင်သည်။ ***အင်တာနက်။***

# အမေရိကန်လေယာဉ် အီရန်၌ ဆင်းသက်သည့်သတင်း မမှန်ကန်ကြောင်း ပင်တာဂွန် ပြောကြား

**ဝါရှင်တန် အောက်တိုဘာ ၇**

အမေရိကန်စစ်လေယာဉ်တစ်စင်းသည် အောက်တိုဘာ ၇ရက်က အီရန်နိုင်ငံ၏ဝေဟင်ပိုင်နက်ကို ကျူးကျော်ဝင်ရောက်သည့်အတွက် အင်အားသုံး၍ မြေပြင်သို့ ဆင်းသက်စေခဲ့ရကြောင်း သတင်းထွက်ပေါ်လာရာ ထိုသတင်းမှန်ကန်မှု မရှိကြောင်း အမေရိကန်စစ်ဌာနချုပ်ပင်တာဂွန်က ငြင်းဆိုသည်။

ထိုကိစ္စနှင့် ပတ်သက်သောသတင်းတစ်စုံတစ်ရာကိုမိမိအနေဖြင့် ကြားသိရခြင်းမရှိကြောင်း ပင်တာဂွန်စစ်ဌာနချုပ်မှ ပြောရေးဆိုခွင့်ရှိသူ ဘရိုင်ရင်ဝှိုက်မင်းက ပြောကြားသည်။

ဒေသတွင်းရှိ အမေရိကန်အားလုံးသည် သက်ဆိုင်ရာနေရာများ၌ ရှိနေကြပြီး လေယာဉ် တစ်စင်းတစ်လေမျှ အီရန်နိုင်ငံ နယ်မြေတွင် ဆင်းသက်သည်ဟု သတင်းမရကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

အမေရိကန်စစ်လေယာဉ်တစ်စင်းသည် အီရန်လေကြောင်း ပိုင်နက်ကို ကျူးကျော် ဝင်ရောက်လာသဖြင့် အတင်းအကျပ် ဆင်းသက်စေခဲ့ရသည်ဆိုသော သတင်းကို အစောပိုင်းကအီရန်ဖားစ်သတင်းဌာနကကြေညာသွားသည်။

ထိုလေယာဉ်ပေါ်တွင် အမေရိကန်ဗိုလ်ချုပ်ငါးဦးနှင့် အရပ်သားသုံးဦးတို့လိုက်ပါလာကြောင်း ၎င်းတို့အား မေးမြန်းမှုများ ပြုလုပ်ပြီးနောက် အာဖဂန်သို့ ဆက်လက်ပျံသန်းရန် ခွင့်ပြုပေးခဲ့ကြောင်း သတင်းတွင် ဖော်ပြသွားသည်။ ***အင်တာနက်။***

# ခြောက်လောင်းပြိုင်လူသတ်မှု လော့စ်အိန်ဂျလိစ်တွင် ဖြစ်ပွား

**လော့စ်အိန်ဂျလိစ် အောက်တိုဘာ ၇**

အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့ ပေါ်တာရန်အရပ်တွင် အောက်တိုဘာ ၆ ရက်က ခြောက်လောင်းပြိုင်သေဆုံးသည့် အမှုတစ်မှုဖြစ်ပွားသည်။ **(ယာပုံ)**

ယင်းဖြစ်ရပ်သည် ကိုယ့်ကိုယ်ကိုယ် သတ်သေမှု သို့မဟုတ် လူသတ်မှုဟု ယူဆရကြောင်းရဲတပ်ဖွဲ့က ပြောကြားသည်။ နံနက် ၇ နာရီခန့်တွင် အိမ်ခန်းအတွင်း၌ လူသေအလောင်းများကို တွေ့ရှိခြင်းဖြစ်ကြောင်း လော့စ်အိန်ဂျလိစ်ရဲတပ်ဖွဲ့မှအရာရှိ ဆာရာဖာဒန်က ပြောကြားသည်။

ကနဦး စုံစမ်းမှုများအရ သေဆုံးသူအားလုံးမှာ မိသားစုတစ်ခုတည်းမှ ဖြစ်ကြောင်းသိရသည်။

သေနတ်သမားမှာ ငွေရေးကြေးရေးပြဿနာပေါ်သဖြင့် ၎င်း၏ မိခင်၊ ဇနီးနှင့် ကလေးသုံးဦးကို ပထမသတ်ပြီးမှ မိမိကိုယ်ကိုယ် အဆုံးစီရင်သွားခြင်းဖြစ်ဟန်ရှိသည်ဟု အမည်မဖော်လိုသူ ရဲတပ်ဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။ ထိုအမှုကို ယခုအခါ ဆက်လက်စုံစမ်းဖော်ထုတ်နေဆဲဖြစ်သည်။

***အမ်အင်အော၊ဆင်ဟွာ။***

## နိုင်ငံတကာ မှုခင်းသတင်း



# တာလီဘန်နှင့်ဆွေးနွေးခဲ့ခြင်းမရှိကြောင်း အာဖဂန်အစိုးရပြောကြား

**ကဘူး အောက်တိုဘာ ၇**

အာဖဂန်နစ္စတန်အစိုးရက တာလီဘန်တို့နှင့် တွေ့ဆုံဆွေးနွေးသည်ဟူသောသတင်းသည် အခြေအမြစ်မရှိကြောင်း အင်္ဂါနေ့က ငြင်းဆိုလိုက်သည်။

ယခုအချိန်ထိ တာလီဘန်တို့နှင့်ဆွေးနွေးခြင်း လုံးဝမရှိခဲ့ပါကြောင်း အာဖဂန်အစိုးရ၏ ပြောရေးဆိုခွင့်ရှိသူ ဟာမာယွန်ဟာမစ်ဇဒါက ကဘူး၌ ကျင်းပသော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ဆော်ဒီအာရေဗျ၏ကြားဝင်စေ့စပ်ပေးမှုဖြင့် အာဖဂန်အစိုးရနှင့် တာလီဘန်အဖွဲ့တို့ ဆွေးနွေးပွဲကျင်းပသည့်အကြောင်းကို သတင်းဌာနများက အကျယ်တဝင့်ဖော်ပြလာပြီးနောက် ဟာမစ်ဇဒါ၏ သဘောထားမှတ်ချက် ထွက်ပေါ်လာခြင်းဖြစ်သည်။ သတင်းများတွင်အာဖဂန်ပြဿနာ အဆုံးသတ်ရေးအတွက် ဘာသာရေးမြို့တော် မက္ကာတွင် တွေ့ဆုံဆွေးနွေးခဲ့ကြသည်ဟု ရေးသားကြသည်။

တွေ့ဆုံဆွေးနွေးရေးအတွက် အစိုးရက တံခါးဖွင့်ထားလျက်ရှိကြောင်း၊ အာဖဂန်နစ္စတန်နိုင်ငံ ငြိမ်းချမ်းရေးရရှိရန်အတွက် မည်သည့်ခြေလှမ်းကိုမဆို အစိုးရက ကြိုဆိုလျက်ရှိကြောင်း သမ္မတ၏ ပြောရေးဆိုခွင့်ရှိသူက အလေးအနက် ပြောကြားသည်။ ***အင်တာနက်။***

# မျက်စိရောဂါတိုက်ဖျက်ပါ အနာဂတ်ဘဝလွန်သာယာ

ဒေါက်တာကံညွန့်

**ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့**
WORLD SIGHT DAY
**အောက်တိုဘာလ (၉) ရက်**
**ကြာသပတေးနေ့**
Eyes on the Future
fighting vision impairment in later life
**မျက်စိရောဂါ တိုက်ဖျက်ပါ၊ အနာဂတ်ဘဝ လွန်သာယာ**

ကလေးတွေမှာဖြစ်တတ်တဲ့ ရောဂါတိုင်းကို မိဘတွေက သတိထားရမှာ ဖြစ်ပါတယ်။ မိဘတွေက ဘယ်ရောဂါက ဘယ်အချိန်မျိုးမှာ ဘယ်လိုဖြစ်လာနိုင်တယ်။ ဘယ်လက္ခဏာတွေကတော့ အရေးကြီးတဲ့ ရောဂါလက္ခဏာတွေဆိုတာ အနည်းအကျဉ်းတော့ သိထားဖို့လိုပါတယ်။ ဒါမှ တစ်ခုခုဖြစ်လာရင် ကိုယ့်ကလေးကိုယ် သက်ဆိုင်ရာ ဆရာဝန်တွေဆီ အချိန်မနှောင်းမီ လာပြနိုင်ကြမှာဖြစ်တယ်။ ဆင်းရဲရဲ၊ ချမ်းသာသာ ဘယ်မိဘမှ ကိုယ့်ကလေး ရောဂါတစ်ခုဖြစ်တာ မခံနိုင်ကြပါဘူး။ ဒါကြောင့် ဒီဆောင်းပါးမှာကလေးတွေမှာဖြစ်တတ်တဲ့မျက်စိရောဂါတွေရဲ့အကြောင်း တစေ့တစောင်း မိဘတွေ သတိထားနိုင်အောင် တင်ပြလိုက်ပါတယ်။

မွေးလမ်းကြောင်းအတိုင်း ရိုးရိုးမွေးတဲ့ကလေးတွေမှာတော့ မွေးပြီး တစ်ပတ်မှ တစ်လလောက်အတွင်း (Neonatal Conjunctivitis)လို့ ခေါ်တဲ့ မျက်စိနာ၊ မျက်မြေးရောင်ရောဂါ ဖြစ်တတ်ပါတယ်။ ဒီလိုဖြစ်လာရင် ကလေးမျက်စိ နှစ်ဖက်စလုံးဟာ မျက်ချေးတွေနဲ့ပိတ်ပြီး မျက်ခွံလေးတွေပါ ရောင်နေတတ်ပါတယ်။ ပိုးသေဆေး (Anti biotic) မျက်စဉ်းဆေးတစ်ခုခု ခတ်လိုက်ရင် ကောင်းသွားပြီး မျက်စိအမြင်ကို မထိခိုက်နိုင်ပါဘူး။ ညှပ်ဆွဲမွေးရတဲ့ ကလေးတွေမှာတော့ ထိခိုက်ဒဏ်ရာလေး ရတတ်ပါတယ်။ ဒီလိုမျက်စိနာတာတို့၊ ထိခိုက်ဒဏ်ရာ အနည်းအကျဉ်းလောက်တို့ကတော့ မွေးပေးတဲ့သားဖွားဆရာမတွေ၊ ကလေးကြည့်ပေးတဲ့ ကလေးဆရာဝန်တွေရဲ့ လမ်းညွှန်ကုသချက်နှင့်ပဲ အဆင်ပြေနိုင်ကြပါတယ်။ လိုအပ်ရင်လည်း သူတို့ကပဲ မျက်စိဆရာဝန်တွေဆီ ပို့ပေးကြမှာပါ။

မွေးခါစမှာ နောက်အရေးကြီးတဲ့ ရောဂါတစ်ခုကတော့ (Premature) လို့ခေါ်တဲ့ ပေါင်မပြည့်တဲ့ ကလေးတွေမှာ ဖြစ်တတ်တဲ့ရောဂါပါ။ မွေးမွေးချင်း အောက်စီဂျင်ဓာတ်သွင်းပြီး ထားရတဲ့ ကလေးမျိုးပါ။ အဲဒီကလေးတွေမှာ အောက်စီဂျင်ဓာတ်ရဲ့အရှိန်ကြောင့် မျက်စိအာရုံလွှာပျက်စီးရတဲ့ရောဂါ (Retinopathy of Prematurity,R.oP) ဆိုတဲ့ မျက်စိရောဂါမျိုး ဖြစ်တတ်ပါတယ်။ ဒါမျိုးကိုလည်း မိဘတွေက သတိထားစရာတောင်မလိုဘဲ ကလေးကို ကြပ်မတ်ကုသတဲ့ ကလေးဆရာဝန်တွေက သတိထားပြီး မျက်စိဆရာဝန်တွေနှင့် ညှိနှိုင်းကုသပေးကြတာမို့ ဆေးရုံကြီးတွေမှာမွေးတဲ့ ကလေးတွေအတွက် စိုးရိမ်စရာမလိုတော့ပါဘူး။

ကလေးဟာ မွေးပြီးခြောက်လကျော်လောက်မှ မျက်စိကြွက်သားတွေ ဖွံ့ဖြိုးလာပြီး အဲဒီအရွယ်ကျတော့ ဟိုကြည့်ဒီကြည့် လိုက်ကြည့်တတ်ပါတယ်။ ဒါကြောင့် ကလေးခြောက်လမတိုင်မီ မျက်စိအကြည့်မညီသေးတာဟာ စိုးရိမ်စရာမလိုပါဘူး။ ကလေးခြောက်လကျော်လို့ မျက်စိအကြည့်မညီဘူး၊ တစ်ခုခုပြရင် လိုက်မကြည့်ဘူး။ မျက်စိတစ်ဖက်အတွင်းဝင်နေတာတို့၊ အပြင်ထွက်နေတာတို့ ရှိတယ်ဆိုတော့မှ အရေးကြီးတတ်ပါတယ်။ အဲဒီအခါကျတော့မှ မျက်စိစွေစောင်းရောဂါ ရှိ၊ မရှိ မျက်စိကြွက်သားအားလျော့ရောဂါ ရှိ၊ မရှိ မျက်စိဆရာဝန်တွေဆီ ပြသဖို့လိုပါတယ်။ တချို့ကလေးတွေမှာတော့(Ptosis)လို့ခေါ်တဲ့ မျက်ခမ်းကျရောဂါရှိတတ်ပါတယ်။ ဒီလိုကလေးတွေမှာ မျက်စိတစ်ဖက်ကျဉ်းနေ၊ မှေးနေတတ်ပြီး မျက်စိတစ်ဖက်နှင့်တစ်ဖက် အပွင့်မညီ ဖြစ်နေတတ်ပါတယ်။

မျက်ရည်ဆိုတာလည်း ကလေးမွေးစ တစ်လလောက်မှာ မထွက်သေးပါဘူး။ တစ်လကျော် နှစ်လလောက်မှ မျက်ရည်ထွက်တတ်ပါတယ်။ ဒါဟာလည်း မျက်စိမျက်နှာပြင် မျက်ကြည်လွှာစိုစွတ်ရုံ၊ အကြည်ဓာတ်ရရုံသက်သက်ပါ။ မျက်ရည်လျှံကျအောင် မထွက်ပါဘူး။ အဲဒီမျက်ရည်ဟာ ကလေးတစ်နှစ် အရွယ်လောက်မှာ အမြဲတမ်း မျက်ခမ်းနားမှာ စိုစွတ်အောင်ထွက်နေတယ်၊ လျှံနေတယ်ဆိုရင် ဆရာဝန်ပြဖို့လိုပါလိမ့်မယ်။ မျက်စိဆရာဝန်က မျက်ရည်လမ်းကြောင်း ပိတ်လို့လား၊ မျက်တောင်မွေးတွေ စိုက်ဝင်နေလို့လား၊ တခြားတစ်စုံတစ်ရာတစ်ခုခု မျက်စိထဲဝင်နေလို့ မျက်ကြည်လွှာရောင်လို့လားဆိုတာ ကြည့်ပေးရပါမယ်။

သာမန်အားဖြင့် မျက်စိမှာ အနက်ပိုင်း(C1ornea)နှင့် အဖြူပိုင်း (Sclera)ဆိုပြီး နှစ်ပိုင်း ရှိနေရာ မျက်ကြည်လွှာ အနက်ပိုင်းဟာ ကြည်လင်တောက်ပနေရပါတယ်။ ဒီမျက်နက်ပိုင်းပေါ်မှာ အမှိုက်ဖြစ်စေ၊ အဖြူဖတ်လေး တစ်ခုဖြစ်စေ ကပ်နေရင် အရေးကြီးပါတယ်။ သာမန်အားဖြင့် မျက်စိအနက်ဟာ တစ်ဖက်နှင့်တစ်ဖက် ရွယ်တူဆိုက်တူ ဖြစ်နေရပါတယ်။ တစ်ဖက်မှာကြီးနေတယ်၊ တစ်ဖက်မှာ သေးနေတယ်ဆိုရင်လည်း မျက်စိ ဆရာတွေဆီ ပြဖို့လိုပါတယ်။

(Congenital Glaucoma)လို့ခေါ်တဲ့ မွေးရာပါ ရေတိမ်ရောဂါမျိုးဟာ ကလေးမှာဖြစ်တတ်ပါတယ်။ တစ်နှစ်၊ နှစ်နှစ်အရွယ်လောက်မှာ စတတ်တယ်။ ကလေးတစ်သောင်းလောက်မှာ တစ်ယောက်ပဲဖြစ်တတ်လို့ စိုးရိမ်စရာတော့ မလိုပါဘူး။ ဒီရောဂါမှာ မျက်ကြည်လွှာဟာ လိုသည်ထက် ပိုကြီးနေတတ်ပါတယ်။ နောက်ပြီး မျက်စိဟာ မျက်ရည်ထွက်တတ်ပြီး နေရောင်၊ အလင်းရောင် မကြည့်နိုင်ခြင်း၊ မျက်စိအတွင်းစွေခြင်းတို့ တွဲပြီးဖြစ်တတ်ပါတယ်။ ဒါကြောင့် ဒီလက္ခဏာတွေ တွေ့ရင် မျက်စိဆရာဝန်ဆီ ချက်ချင်းပြဖို့လိုပါတယ်။ စောစီးစွာကုရင် အမြင်အာရုံလုံးဝကောင်းနိုင်ပါတယ်။ တချို့က ကလေးမျက်လုံးကြီး ပြူးထွက်လာတော့မှ လာပြတော့ အမြင်အာရုံကောင်းအောင် ကုမပေးနိုင်တော့ပါဘူး။

နောက်တစ်ခု အန္တရာယ်ရှိတဲ့ လက္ခဏာကတော့ မျက်စိသူငယ်အိမ်အလယ်မှာ အဖြူစက်ပေါ်လာတာ ဖြစ်ပါတယ်။ မျက်နက်ရဲ့အလယ်မှာ အဖြူစက်ပေါ်နေတာကို ကြောင်မျက်လုံးနှင့်တူလို့ (Cat Reflex)လို့ ခေါ်ကြပါတယ်။ ဒီလိုကြောင်မျက်လုံးပေါ်ရတဲ့ ရောဂါတွေကတော့ Congenital Cataract လို့ ခေါ်တဲ့ မွေးရာပါမျက်စိအတွင်းတိမ်ရောဂါ၊ မျက်စိအတွင်းရောင်ရောဂါနှင့် အဆိုးရွားဆုံးကတော့ Retinoblastoma လို့ခေါ်တဲ့ မျက်စိအာရုံလွှာ ကင်ဆာရောဂါတို့ပဲ ဖြစ်ပါတယ်။

ယင်းတို့အနက် မွေးရာပါ အတွင်းတိမ်ရောဂါကတော့ ကလေးမိခင်က ကလေးကိုယ်ဝန်ရှိစဉ် ဝက်သက်ဖျားရှိခဲ့တာကြောင့်လည်းကောင်း၊ မွေးပြီး ထိခိုက်ဒဏ်ရာတစ်ခုခု ရတာကြောင့်လည်းကောင်း၊ တခြားသွေးထဲမှာရှိတဲ့ ဓာတ်သဘာဝ မညီညွတ်တာကြောင့်လည်းကောင်း ဖြစ်တတ်ပါတယ်။ ဒါပေမယ့် ခုနကပြောခဲ့တဲ့ ရောဂါသုံးမျိုးထဲမှာ အတွင်းတိမ်ရောဂါဟာ ကုသလို့ အပျောက်ကင်းဆုံး ရောဂါဖြစ်ပါတယ်။ ဒုတိယရောဂါဖြစ်တဲ့ မျက်စိအတွင်းရောင်ရောဂါမှာတော့ ရောဂါဖြစ်တဲ့ကလေးရဲ့ မျက်စိတစ်ဖက်ဟာ အနည်းငယ်နီပြီး မှေးနေတတ်ပါတယ်။ နေရောင်၊ အလင်းရောင်လည်း မကြည့်နိုင်ပါဘူး။ မျက်ရည်လည်း ထွက်နေတတ်ပါတယ်။ ဒီရောဂါလည်း စောစောသိရင် ဆေးနှင့်ပျောက်အောင် ကုနိုင်တဲ့ရောဂါပါ။

နောက်ဆုံးဖြစ်တဲ့ မျက်စိအာရုံကြောလွှာ ကင်ဆာရောဂါကတော့ နောက်ကျရင် ကျန်မျက်စိတစ်ဖက်ပါကူးပြီး ဦးနှောက်နှင့် အခြားကိုယ်ခန္ဓာအစိတ်အပိုင်းတွေပါ ပျံ့နှံ့ကာ အသက်ကိုပါ အန္တရာယ်ပြုနိုင်တဲ့ ရောဂါပါ။ ဒါကြောင့် ဒီရောဂါမျိုးသံသယဖြစ်ရင် စောစီးစွာ ကုဖို့ အရေးကြီးပါတယ်။ ဒီရောဂါမျိုးဟာ ကလေးငါးသောင်းလောက်မှာမှ တစ်ယောက်လောက်ပဲ ဖြစ်တတ်တဲ့ ရောဂါမို့ ဖြစ်ဖို့တော့ ခဲယဉ်းလှပါတယ်။ ဒီရောဂါဖြစ်လို့ စောစီးစွာရောက်လာပြီး မျက်လုံးတစ်ဖက်ထုတ်ပစ်လိုက်ပြီးတဲ့နောက် အသက်ရှင်နေတဲ့ ကလေးတွေအများကြီးရှိပါတယ်။ ဒါကြောင့် မျက်လုံးထုတ်ဖို့ ဆရာဝန်တွေက အကြံပြုရင်လည်း စောစီးစွာ ထုတ်ပစ်ဖို့ သဘောတူဖို့ လိုပါတယ်။ ရောဂါဖြစ်တဲ့ဘက်ကို ထုတ်ပစ်ဖို့ နောက်ကျလို့ ကျန်တစ်ဖက်ပါကူးပြီး အသက်ကိုပါ အန္တရာယ်ပြုခံရတဲ့ကလေးတွေ ရှိခဲ့ဖူးလို့ပါ။

နောက်တစ်ခုကတော့ မျက်စိစွေစောင်းရောဂါပါပဲ။ သတိထားတဲ့ မိဘတွေကတော့ ကိုယ့်ကလေး မျက်စိစွေတာကို သံသယဖြစ်တာနဲ့လာပြကြတယ်။ ကျွန်တော်တို့ကလည်း အဲဒီလိုကလေးတွေကို တကယ်စွေတာလား၊ စမ်းသပ်ကြည့်ရှုပြီး လိုအပ်တာတွေ လုပ်ပေးလိုက်တော့ ဘာမှ ထပ်မဖြစ်ဘဲ အခြေအနေကောင်းသွားကြတယ်။ တချို့ မျက်စိအနည်းငယ်စွေတဲ့ ကလေးတွေမှာ မျက်မှန်တပ်ရုံ၊ လေ့ကျင့်ခန်းယူရုံနှင့် တစ်သက်လုံးအတွက် အဆင်ပြေသွားကြတယ်။ တချို့ကျတော့လည်း ခွဲစိတ်ကုသပေးဖို့လိုပါတယ်။ အဓိကကတော့ သုံး-လေးနှစ်အရွယ် (သို့မဟုတ်) ဒီ့ထက်စောစောလာပြကြဖို့ပဲ။ လိုအပ်တာတွေကို ဒီအရွယ်မှာ လုပ်မပေးရင် နောက်ကျပါတယ်။

လူတို့ရဲ့ အမြင်အာရုံ ဖွံ့ဖြိုးတိုးတက်မှုက ကလေးဘဝမှာ အထူးမူတည်ပါတယ်။ အမြင်အာရုံဟာ ကလေးမွေးစကနေ ငါးနှစ်အတွင်းမှာ အထူးတိုးတက်နေပါတယ်။ ခုနစ်နှစ်လောက်အရွယ်မှာ အတော်အတန် အတည်တကျ ဖြစ်သွားပါတယ်။ အဲဒီ ခုနစ်နှစ်အရွယ်လောက်ထိမှ ရောဂါတစ်ခုခုကြောင့် သို့မဟုတ် မျက်မှန်လိုလို့ မျက်စိမှုန်တာ၊ မျက်စိစွေတာကို မပြုပြင်ဘဲထားရင် မျက်စိမှုန်တာဟာ တစ်သက်လုံး ပြုပြင်လို့မရအောင် ပါသွားတတ်ပါတယ်။

ကလေးမျက်စိစွေတာဟာ မျက်စိတစ်ဖက်မှာ မျက်မှန်တပ်ဖို့လိုတာကြောင့်လည်းကောင်း၊ မျက်စိရောဂါတစ်ခုခုကြောင့်လည်းကောင်း၊ ကလေး မျက်စိကြွက်သားလှုပ်ရှားမှု မညီညာတာကြောင့်လည်းကောင်း၊ ကြွက်သားအားလျော့တာကြောင့်လည်းကောင်း ဖြစ်တတ်ပါတယ်။

ကလေးမျက်စိမှုန်နေတာ၊ မျက်စိစွေတာကို မကုဘဲထားရင် ဘယ်လိုဖြစ်လာမလဲဆိုတော့-

(၁) **မျက်စိဟာ နှစ်ဖက်ကြည့်ရတာ ဖြစ်တယ်။ တစ်ဖက်နှင့် တစ်ဖက် မျက်စိအမြင်စွမ်းအား မတူတဲ့ကလေး၊ တစ်ဖက်မှာ မျက်စိမှုန်နေတဲ့ကလေး၊ မျက်စိစွေနေတဲ့ကလေးတွေဟာ ကောင်းတဲ့ တစ်ဖက်ကပဲကြည့်ပြီး ကျန်တစ်ဖက်က မကြည့်တဲ့အတွက် အဲဒီမကြည့်တဲ့မျက်စိဟာ အမြင်အာရုံ တုံ့ဆိုင်းခြင်း(Amblyopia)ဖြစ်ပြီး အဲဒီမျက်စိဟာ အသက်ကြီးလာတဲ့အခါ လူတမ်းစေ့ ပြန်မမြင်အောင် ဖြစ်သွားတတ်ပါတယ်။**

(၂) **မျက်စိ အမြင်အာရုံ နှစ်ဖက်မညီတဲ့ကလေးဟာ မျက်စိအမြင်အာရုံ နှစ်ဖက်ကောင်းသူတွေမှာသာ ရနိုင်တဲ့ (မျက်စိနှစ်ဖက်၊ ပုံရိပ်တစ်ခုမြင်နိုင်တဲ့စွမ်းအား)Binocular Single Vision(BSV )ဆိုတာ မရနိုင်တော့ဘဲ ဘယ်အရာကြည့်ကြည့် တစ်ပြင်တည်းသာ မြင်ရပြီး Steropsis လို့ခေါ်တဲ့ ရုပ်လုံးကြွမြင်နိုင်အား မရှိတော့ပါဘူး။**

ဒါကြောင့် မျက်မှန်တပ်ဖို့ လိုလို့ပဲဖြစ်ဖြစ်၊ ရောဂါတစ်ခုရှိလို့ပဲ ဖြစ်ဖြစ် တစ်ဖက်နှင့်တစ်ဖက် အမြင်အာရုံမတူဘဲ ဖြစ်နေတာကို အနည်းဆုံး ကလေးခုနစ်နှစ်အရွယ်မတိုင်မီ ကုကြဖို့ အရေးကြီးတယ်ဆိုတာ သိထားကြစေလိုပါတယ်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❒

**လူတို့ရဲ့ အမြင်အာရုံ ဖွံ့ဖြိုးတိုးတက်မှုက ကလေးဘဝမှာ အထူးမူတည်ပါတယ်။ အမြင်အာရုံဟာ ကလေးမွေးစကနေ ငါးနှစ်အတွင်းမှာ အထူးတိုးတက်နေပါတယ်။ ခုနစ်နှစ်လောက်အရွယ်မှာ အတော်အတန် အတည်တကျ ဖြစ်သွားပါတယ်။ အဲဒီ ခုနစ်နှစ်အရွယ်လောက်ထိမှ ရောဂါတစ်ခုခုကြောင့် သို့မဟုတ် မျက်မှန်လိုလို့ မျက်စိမှုန်တာ၊ မျက်စိစွေတာကို မပြုပြင်ဘဲထားရင် မျက်စိမှုန်တာဟာ တစ်သက်လုံး ပြုပြင်လို့ မရအောင် ပါသွားတတ်ပါတယ်။**

## ကူညီဖေးမ စောင့်ရှောက်ကြပါစို့

မျက်စိနှစ်ကွင်း၊ အမှောင်ဆင်း၍
အလင်းမရ၊ ချို့တဲ့ကြသည့်
သောကခိုဝင်၊ မျက်မမြင်ကို
ကြင်နာသနား၊ မေတ္တာထား၍
လူသားချင်းတူ၊ စာနာမှု၍
ကူညီဖေးမ၊ စောင့်ရှောက်ကြသော်
သောကလည်းပြေ၊ အလုဝေ၍
နေရေးစားရေး၊ ဝတ်ဆင်ရေးတွင်
မျှော်တွေးပူပင်၊ မရှိစင်၍
ပျော်ရွှင်ကျန်းမာ၊ တစ်သက်တာလျှင်
လူ့ရွာကောင်းကျိုး၊ သူသယ်ပိုးလိမ့်
တိုး၍ ကူညီကြပါကုန်။ ။

**ပန်းတောင်းသန်းကြွယ်**

## ၁၉၇၁ခုနှစ် မန္တလေးဆေးတက္ကသိုလ်ဝင်ခွင့်ရ ကျောင်းသား၊ ကျောင်းသူများ၏ စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၈**

၁၉၇၁ ခုနှစ် မန္တလေးဆေးတက္ကသိုလ်ဝင်ခွင့်ရ ကျောင်းသား၊ ကျောင်းသူများနှင့်အတူ စာသင်ဖက်များ၏ စတုတ္ထအကြိမ် အာစရိယ ပူဇော်ပွဲကို ၂၀၀၉ခုနှစ် ဇန်နဝါရီ ၃၀ရက်တွင် မန္တလေးမြို့ ၃၁လမ်းနှင့် ၇၀/၇၁လမ်းကြားရှိ မြန်မာနိုင်ငံဆရာဝန်အသင်းတိုက်၌ ကျင်းပမည် ဖြစ်ရာ ရပ်ဝေး၊ရပ်နီးရှိ ကျောင်းသားကျောင်းသူအပေါင်း သိရှိစေရန်နှင့် သူငယ်ချင်းအားလုံးတပျော်တပါး တွေ့ဆုံကန်တော့နိုင်ရန် ဖြစ်မြောက်ရေး အဖွဲ့က စီစဉ်ဆောင်ရွက်ထားကြောင်းသိရှိရသည်။

အလှူငွေများ ထည့်ဝင်လှူဒါန်းလိုပါက မန္တလေးမြို့ရှိ ဒေါက်တာ မောင်ဝင်း၊ ဒေါက်တာရဲလွင်၊ ဒေါက်တာအောင်ကျော်စိုး၊ ဒေါက်တာ ကိုကိုကြီး ဖုန်း-၀၂-၆၂၂၀၂၊ ၀၉-၂၀၀၀၂၁၁၊ ၀၉-၂၀၀၄၀၆၀၊ ၀၉-၂၀၀၂၈၈၂၊ ၀၉-၂၀၀၀၄၉၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၉-၁၀-၂၀၀၈ (ကြာသပတေးနေ့)**

AM & PM

| | |
|---|---|
| ၇း၀၀ - ၁း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ - ၁း၀၅ | "အမေကပ်တဲ့ဆွမ်းတစ်နပ်"တရားတော် (ဆရာတော် အရှင်ကုန္ဒာစရိယ) |
| ၈း၀၀ - ၂း၀၀ | နိဗ္ဗာန်ဆီသို့. . . အမေးအဖြေများ |
| ၈း၃၀ - ၂း၃၀ | ပြည်တွင်းအနုပညာရေးရာ |
| ၉း၀၅ - ၃း၀၅ | တေးဂီတအစီအစဉ် |
| ၉း၁၀ - ၃း၁၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၂၀ - ၃း၂၀ | ဘေးမဲ့တောလေးတည်တံ့ဖို့ ဝိုင်းဝန်းထိန်းသိမ်းစို့ |
| ၉း၃၀ - ၃း၃၀ | စားချင်စဖွယ်နည်းအသွယ်သွယ် (ဖက်ထုပ်ပြုတ်၊ ဝက်သားစဉ်းကော Salad) |
| ၉း၄၅ - ၃း၄၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉း၅၀ - ၃း၅၀ | တေးဂီတအစီအစဉ် |
| ၉း၅၅ - ၃း၅၅ | တိကျသက်သာတက္ကစီမီတာ |
| ၁၀း၁၀ - ၄း၁၀ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၁၅ - ၄း၁၅ | တေးဂီတအစီအစဉ် |
| ၁၀း၂၀ - ၄း၂၀ | Business Talk (ဦးမျိုးမြတ်သူ၊ ဦးစိုးမြင့်) |
| ၁၀း၄၀ - ၄း၄၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၀း၅၀ - ၄း၅၀ | တေးဂီတအစီအစဉ် |
| ၁၀း၅၅ - ၄း၅၅ | အနုပညာရပ်ဝန်းမှရင်ခုန်သံများ (လေ့နှင့်တူသောယောကျ်ား လှိုင်းနှင့်တူသော မိန်းမ ဗီဒီယိုဇာတ်ကားရိုက်ကွင်းအမှတ်တရ) |
| ၁၁း၁၅ - ၅း၁၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၂၀ - ၅း၂၀ | တေးဂီတအစီအစဉ် |
| ၁၁း၂၅ - ၅း၂၅ | သဘာဝကပေးတဲ့အကျိုးအာနိသင် |
| ၁၁း၄၀ - ၅း၄၀ | ပြည်သူ့အတွက် EMS |
| ၁၁း၅၀ - ၅း၅၀ | ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာ ပြည်စိုးအောင်နှင့်တွေ့ဆုံခြင်း)(အပိုင်း-၁) |
| ၁၂း၁၅ - ၆း၁၅ | ကမ္ဘာ့ရာသီဥတုပြောင်းလဲခြင်းနှင့် ကျန်းမာရေးပြဿနာများ(စရဏစကားဝိုင်း) |
| ၁း၀၀ - ၇း၀၀ | MRTV-4 အပိတ် Logo |

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

**အားကစားမြှင့်တင် စိတ်လန်းရွှင်**
**ဆန့်ကျင်မူးယစ်ဆေး**

## စာပေဗိမာန်ထုတ် သုတပဒေသာစာစောင် ထွက်ပြီ

**ရန်ကုန် အောက်တိုဘာ ၈**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က ပုံနှိပ်ထုတ်ဝေသော အောက်တိုဘာလထုတ် သုတပဒေသာစာစောင် အတွဲ(၃၅) အမှတ်(၁၀)ကို ဘာသာပြန်စာပေ စိတ်ဝင်စားသည့် စာဖတ်ပရိသတ်အတွက် ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုလထုတ် သုတပဒေသာစာစောင်တွင် ဒေါက်တာခင်မောင်ညွန့်၊ ခင်စောတင့်၊ ချိုးဖြူခင်၊ မောင်ဆုရှင်၊ ဖိုးရန်နိုင်(ကျောက်ကြီး)၊ ဒေါက်တာမြင့်သန်း(သန္တေသား)၊ ဒေါက်တာမြင့်မြင့်သိန်း၊ မြတ်မင်း၊ တက္ကသိုလ်မိုးမြင့်၊ မြသဲ(သုတေသန)၊ မြဟန်သိန်းမောင်၊ ကေတီအောင်သိန်း(ရန်ကုန်တက္ကသိုလ်) စသည့် စာရေးဆရာများ၏ ဘာသာပြန်ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုများ ပါဝင်ပြီး ဆေးလောကဆိုင်ရာ ဆန်းသစ်ဖွေရှာ ဆေးပညာ၊ စွန့်စားရသော ကုသမှု၊ စီးပွားရေးနယ်ပယ်တွင် အသုံးချနိုင်သည့် လက်သုံးဆောင်ပုဒ် ကြော်ငြာများ၊ အံ့ဩဖွယ် မီးရထား ဘူတာရုံစောင့် ကြောင်မ၊ လူမှုဘဝတွင် လက်တွေ့အသုံးပြု နေထိုင်နိုင်မည့် ဘဝဆိုင်ရာ သိမှတ်ဖွယ်ရာများ၊ ဇရာအို၏စွမ်းအင်၊ ယဉ်ကျေးမှုဆိုင်ရာ ဟောင်ကောင်အနုပညာပြတိုက်၊ ထူးဆန်းထွေလာ၊ ဟာသ၊ သုတတိုထွာ၊ သတင်းသုတ၊ ကမ္ဘာ့မူးယစ်ဆေးဝါးသတင်း အစရှိသည့် ဗဟုသုတဖြစ်ဖွယ် သိမှတ်ဖွယ် သုတ၊ ရသအကြောင်း အရာမျိုးစုံ ပါရှိသည်။

အဆိုပါ သုတပဒေသာစာစောင်ကို အမှတ်-၅၂၉/၅၃၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့ရှိ စာပေဗိမာန် စာအုပ်ဆိုင်နှင့် မြို့အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## နိုင်ငံတကာမျက်မမြင် လမ်းလျှောက်တုတ်နေ့အထိမ်းအမှတ် မျက်မမြင်လမ်းလျှောက်ပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၈**

နိုင်ငံတကာမျက်မမြင်လမ်းလျှောက် တုတ်နေ့ အထိမ်းအမှတ် ရန်ကုန် မြို့တော်ဝန်ဖလား (၁၇)ကြိမ်မြောက် မျက်မမြင်လမ်းလျှောက်ပွဲကို အောက် တိုဘာ ၁၅ ရက် (ဗုဒ္ဓဟူးနေ့)တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည် ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲသို့ အလှူငွေနှင့် ပစ္စည်းများ ပါဝင်လှူဒါန်းလိုသူများ သည် ကျင်းပရေးကော်မတီ အတွင်း ရေးမှူး ဖုန်း-၂၅၁၉၈၉၊ ဆုချီးမြှင့်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဖုန်း-၂၅၁၄၁၇၊ ဒဂုံမြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေး မှူးရုံး ဖုန်း-၂၂၄၇၉၇၊ လသာမြို့နယ် စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံး ဖုန်း-၂၅၀၈၅၂၊ ၂၅၀၈၁၆၊ ပန်းဘဲ တန်း မြို့နယ်စည်ပင်သာယာအုပ်ချုပ် ရေးမှူးရုံး ဖုန်း-၃၇၁၂၆၀ နှင့် ကျောက်တံတားမြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံး ဖုန်း-၃၇၃၂၈၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

❒ စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

ဒီလိုသိနိုင်ဖို့လည်း ကလေးကျောင်းမတက်ခင် သုံး-လေးနှစ် အရွယ်မှာ မျက်စိနှစ်ဖက်စလုံးကို တစ်ဖက်ပိတ်ပြီး တစ်ဖက်နှင့် အမြင်စွမ်းအား စမ်းကြည့်ဖို့လိုပါတယ်။ ဒါကို မူကြိုကျောင်းတွေက သတိထား ကူညီသင့်တယ်လို့ ထင်ပါတယ်။

မျက်စိမှုန်နေတဲ့ကလေး ဖြစ်တတ်တဲ့ လက္ခဏာတွေကတော့ မျက်တောင်ခဏခဏခတ်ခြင်း၊ မျက်စိကိုလက်နှင့် ခဏခဏပွတ်ရခြင်း၊ မျက်ရည်ပူထွက်ခြင်း၊ မျက်စိအနည်းငယ်နီခြင်း၊ နေရောင်အလင်းရောင် မကြည့်နိုင်ခြင်း၊ မဖျားနာဘဲ ဇက်ကြောတက် ခေါင်းကိုက်ခြင်း၊ စာဖတ်ရင် အိပ်ငိုက်ခြင်း(တချို့မိဘတွေက ကလေးပျင်းလို့ထင်ပြီး ကြိမ်းမောင်းရိုက်နှက်တတ်ကြတယ်)၊ အိမ်မှာ တယ်လီဗွီးရှင်းကို ကပ်ကြည့်ခြင်း၊ စာကြည့်ရင် စာအုပ်နှင့်မျက်နှာ ကပ်ကြည့်နေခြင်း၊ ကျောင်းမှာ နောက်တန်းမှ ထိုင်ရသောအခါ သင်ပုန်းကြီးမှစာကို မမြင်ရခြင်းတို့ ဖြစ်တတ်ကြပါတယ်။ ဒီအချက်တွေကို ကျောင်းက ဆရာ၊ ဆရာမတွေကလည်း သတိထားပြီး မိဘတွေကို အကြံပြုတင်ပြသင့်ပါတယ်။ နောက်ပြီး အမေ၊ အဖေ ငယ်စဉ်ကပင် မျက်မှန်တပ်ရတဲ့ မိဘတွေရဲ့ သားသမီးတွေမှာ မျက်မှန်တပ်ဖို့လိုတဲ့ မျက်စိမှုန်ရောဂါ ပါလာတတ်လို့ အဲဒီကလေးတွေကိုလည်း အသက်လေးနှစ်ကစပြီး နှစ်နှစ်တစ်ကြိမ် ဂရုတစိုက် အမြင်အာရုံ စမ်းကြည့်ပေးဖို့ လိုပါတယ်။

တချို့ကလေးတွေဟာ ထိခိုက်မိရင် မိဘကို မပြောရဲကြပါဘူး။ ဒါကြောင့် ကလေးကျောင်းမှာဖြစ်စေ၊ ကျောင်းကပြန်လာပြီဖြစ်စေ၊ မျက်စိတစ်ဖက်နီရဲ မျက်ရည်တွေထွက်နေတယ်၊ မျက်ခမ်းတွေမို့ပြီး မှေးနေတယ်ဆိုရင် သတိထားဖို့လိုပါတယ်။ မျက်စိမဖွင့်နိုင်ဖြစ်နေရင် ပိုသတိထားပြီး မျက်စိကုဌာနကို ချက်ချင်းပြဖို့လိုပါတယ်။ အမှိုက်ဝင်တာတို့၊ ခိုက်မိတာတို့ တစ်ခုခုဖြစ်နိုင်ပါတယ်။ အဲဒီလိုဖြစ်ပြီး မျက်ကြည်လွှာရောင်သွားရင် နောက်ကျသွားပါက ကုရခက်တတ်ပါတယ်။

ထိခိုက်ဒဏ်ရာဆိုတာ ဖြစ်လာရင် ကုရတာခက်ခဲပြီး မျက်စိအကောင်း ပကတိ ပြန်မြင်နိုင်ဖို့က ခဲယဉ်းတာကြောင့် မထိခိုက်အောင် ကာကွယ်ခြင်းကသာ အကောင်းဆုံးဖြစ်တယ်။ ဒါကြောင့် ကလေးတွေနဲ့ ပတ်သက်ပြီး ထိခိုက်ဒဏ်ရာက ကာကွယ်နိုင်အောင် ကျောင်းမှာရော အိမ်မှာပါ ကလေးတွေကို ချွန်ထက်တဲ့အရာ၊ လေသေနတ်၊ ဘောင်ဘောင်စေ့သေနတ်၊ သားရေကွင်းပစ်တာ၊ ပြောက်အိုးဖောက်တာ၊ ယမ်းဖောက်တာ မကစားဖို့ တားမြစ်ရပါမယ်။ ကြက်တွေ၊ ငှက်တွေ မွေးထားတဲ့ အိမ်တွေမှာလည်း ကလေးတွေကို ကြမ်းပြင်မှာ ကြက်၊ ငှက်တွေနဲ့ အတူမကစားဖို့ တားရပါမယ်။ ကြက်၊ ငှက်ဆိတ်လို့ မျက်စိပေါက်ခဲ့ရတဲ့ ကလေးတွေ၊ ဘောင်ဘောင်စေ့၊ သားရေကွင်းမှန်လို့ မျက်စိတွင်း သွေးယိုလို့ ခွဲစိတ်ပေးခဲ့ရတဲ့ ကလေးတွေ အများကြီးရှိခဲ့ဖူးလို့ပါ။

ထိခိုက်ဒဏ်ရာထဲမှာ ကလေးမျက်စိထဲ ထုံးဝင်တာလည်း အရေးကြီးပါတယ်။ မိဘတွေက ကလေးတွေကို ထုံးထုပ်လေးဝယ်ခိုင်းလို့ ကလေးက လမ်းမှာဆော့ရင်း ထုံးဝင်ပြီး မျက်စိပျက်ရတဲ့ ကလေးတွေ အများကြီးပါ။ ထုံးဝင်ရင်ဆေးရုံ၊ ဆေးခန်းမပို့ခင် အရေးတကြီးချက်ချင်းလုပ်ဖို့က ကလေး မျက်စိထဲ ထုံးစမကျန်အောင် ရေသန့်သန့်နဲ့ ချက်ချင်း ဆေးပစ်ဖို့ပါပဲ။

ကလေးမှာဖြစ်တတ်တဲ့ မျက်စိရောဂါတွေထဲမှာ ဗီတာမင်အေချို့တဲ့လို့ ဖြစ်တတ်တဲ့ ကြက်မျက်သင့်ရောဂါလည်း ပါပါတယ်။ အဲဒီလို ကလေးတွေမှာ ကြက်တွေလို ညမမြင်ဖြစ်တတ်လို့ ကြက်မျက်သင့်ရောဂါလို့ ခေါ်တာပါ။ ဒီရောဂါကတော့ သာမန်ကျန်းမာနေတဲ့ ကလေးမှာဖြစ်ခဲပြီး ဝမ်းလျှောဝမ်းပျက် ခဏခဏဖြစ်တဲ့ကလေး၊ နာတာရှည်ရောဂါ တစ်ခုခု ရှိပြီး အစားအသောက်မဝင်တဲ့ ကလေးတွေမှာ ပိုဖြစ်တတ်ပါတယ်။ ဖြစ်လာရင် ညမမြင်တာအပြင် မျက်စိဟာ တောက်တောက်ပပမရှိဘဲ မျက်ကြည်လွှာ ခြောက်ကပ်ကပ်ဖြစ်လာပြီး မျက်ကြည်လွှာ (အနက်ဝိုင်း) လေးရဲ့ဘေးမှာ ငါးကြင်းဖတ်လို အဖြူဖတ်လေး ပေါ်လာတတ်ပါတယ်။ အဲဒါကို Bitot's Spot လို့ ခေါ်ပါတယ်။ ဒီအချိန်လောက်မှာ လိုအပ်တဲ့ ဗီတာမင်အေ အပါအဝင် တခြားဗီတာမင်နှင့် အာဟာရဓာတ်တွေ ပြန်ပေးနိုင်ရင် မျက်စိပကတိပြန်ကောင်းနိုင်ပြီး ဂရုမစိုက်ဘဲ ထားလိုက်ရင်တော့ မျက်ကြည်လွှာခြောက်ရာက မျက်ကြည်နာဖြစ် မျက်စိပေါက်သွားပြီး မျက်စိကွယ်သည်အထိ ဆိုးရွားသွားနိုင်တဲ့ရောဂါမို့ နာတာရှည်ဖြစ်နေတဲ့ ကလေးတွေမှာ သတိထားစရာဖြစ်ပါတယ်။

ဒီလို ကလေးမှာဖြစ်တတ်တဲ့ ရောဂါတွေအကြောင်း သိထားဖို့အပြင် ကိုယ့်ကလေးမျက်စိ အမြင်အာရုံသန်စွမ်းရေးမှာ နေ့စဉ် ကလေး စားသုံးနေရတဲ့ အစားအစာတွေနဲ့လည်း သက်ဆိုင်တယ်ဆိုတာ ကလေး မိဘတိုင်း သတိထားကြဖို့ လိုပါတယ်။ တချို့မိဘတွေ ကလေး မျက်စိဆေးဆိုပြီး ဗီတာမင်အေ ကျွေးလိုက်ရင်ပြီးရောလို့ ထင်ကြတယ်။ အထူးသဖြင့် ကလေးကို သုံး-လေးနှစ်အရွယ်ကစပြီး အသားငါး၊ ကြက်ဥ၊ နွားနို့၊ မြေပဲအပြင် စိမ်းလန်းတဲ့ဟင်းသီးဟင်းရွက်၊ အဝါရောင်အသီးအနှံတို့ကို ထမင်းနှင့်အတူ နေ့စဉ်ထည့်ကျွေးနေဖို့ လိုပါတယ်။ အခု လေ့လာချက်တွေအရ အသက်ကြီးတဲ့အခါ ဖြစ်လာတတ်တဲ့ မျက်စိရောဂါတွေဟာ ကလေးဘဝမှာ စားသောက်လာခဲ့ရတဲ့ အစားအသောက်တွေနဲ့လည်း သက်ဆိုင်နေတယ်ဆိုတာ တွေ့နေရပါပြီ။ ဗီတာမင်ဓာတ်တွေ၊ Antioxident ဓာတ်တွေ များများပါတဲ့ ဟင်းသီးဟင်းရွက်နှင့် အသီးအနှံတွေကို ငယ်စဉ်ကပင်စားပါမှ လူကြီးဖြစ်တဲ့အခါ မျက်စိရောဂါအပြင် အခြားရောဂါတွေကိုပါ အတော်အသင့် ကာကွယ်နိုင်ကြမှာ ဖြစ်ပါတယ်။

ဒါကြောင့် ကလေးမျက်စိရောဂါကာကွယ်ရေးမှာ မိဘတွေရဲ့ ဂရုတစိုက်ကျွေးမွေးစောင့်ရှောက်မှု၊ ကျောင်းတက်စ ကလေးတွေဟာ နေ့လယ်နေ့ခင်း ကျောင်းမှာပဲ တစ်နေ့လုံးနေကြရတော့ ဆရာ၊ ဆရာမတွေရဲ့ စောင့်ကြည့်သွန်သင်ညွှန်ပြမှု၊ သက်ဆိုင်ရာဆရာဝန်က လိုအပ်လျှင် လိုအပ်သလို လမ်းညွှန်ကုသပေးမှု စတဲ့သုံးပွင့်ဆိုင် စောင့်ရှောက်ပေးမှု မျိုးနှင့်သာ ဆောင်ရွက်ပေးပါမှ ကျန်းမာသန်စွမ်းတဲ့ သားကောင်းရတနာလေးများ မွေးထုတ်ပေးနိုင်မှာဖြစ်ကြောင်း ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ရေးသားတင်ပြလိုက်ရပါတယ်။ ။

**✳ ရွှေဖုံးမှ**

ရောင်းချသူများအသင်း အတွင်းရေးမှူး ဒေါက်တာခင်လှိုင်က ရန်ကုန်တိုင်းအတွင်း နို့စားနွားမွေးမြူထားရှိမှုနှင့် နွားနို့ထွက်ပစ္စည်း ထုတ်လုပ်မှု၊ မေထုန်မဲ့ သားစပ်လုပ်ငန်းနှင့် နို့အရည်အသွေးစစ်ဆေးမှု၊ ပညာပေးသင်တန်းများ ဖွင့်လှစ်နေမှုတို့နှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက သွင်းကုန်အစားထိုး နို့ထွက်ပစ္စည်း ပိုမိုထုတ်လုပ်ရေးကြိုးပမ်းရန် မှာကြားပြီး နမူနာပြသထားသော မေထုန်မဲ့ သားစပ်ပစ္စည်းများ၊ တိရစ္ဆာန်ကာကွယ်ဆေး ၁၉ မျိုး ထုတ်လုပ်ပြသထားမှု၊ သင်တန်းများတွင် ပို့ချသည့် မှတ်တမ်းမှတ်ရာ စာရွက်စာတမ်းများ ခင်းကျင်းပြထားမှု၊ ဖရီရှန်မျိုး နို့စားနွား ၁၀၅ ကောင် မွေးမြူထားရှိမှုနှင့် ဈေးကွက်သို့ တင်ပို့ရန် ထုတ်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ငွေစင်ပုလဲ နို့စားနွားမွေးမြူရေးနှင့် နို့ထွက်ပစ္စည်း ထုတ်လုပ်ရေးလုပ်ငန်းကို ၁၉၉၉ ခုနှစ်တွင် ဖရီရှန်နွားမကြီးနှင့် နွားကလေး ၁၆ ကောင်ဖြင့် လုပ်ငန်းစတင်လုပ်ကိုင်ခဲ့ပြီး ယခုအခါ နို့စားနွား ၁၀၅ ကောင်နှင့် ကြိုတင်ငွေပေးကောင်ရေ ၅၀၀ တို့ဖြင့် စုစုပေါင်း တစ်ရက်လျှင် နွားနို့ပိသာ ၁၄၀၀ ထုတ်လုပ်၍ ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

ထို့မှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် မင်္ဂလာဒုံမြို့နယ် မြသီတာရပ်ကွက်ရှိ Worldwide Agro-Livestock Co., Ltd. ၏ WALCO နို့ထွက်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းသို့ ရောက်ရှိပြီး နို့၊ ဒိန်ချဉ်၊ မလိုင်၊ ထောပတ်နှင့် ထောပတ်ဆီများ ထုတ်လုပ်နေမှုတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

အဆိုပါလုပ်ငန်းကို ၁၉၉၅ ခုနှစ်က စတင်၍ ရွှေပြည်သာ၊ မင်္ဂလာဒုံ၊ မြောက်ဥက္ကလာပနှင့် တိုက်ကြီးမြို့နယ်တို့မှ နွားနို့ပိသာ ၆၀၀ ပုံမှန်ဝယ်ယူ၍ နို့ထွက်ပစ္စည်းများကို အရောင်းဆိုင်များ၊ ကုန်တိုက်များနှင့် ဟိုတယ်များသို့ တင်ပို့လျက်ရှိကြောင်း သိရသည်။ ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရွှေပြည်သာမြို့နယ် (၃)ရပ်ကွက်ရှိ Super Cow နို့စားနွား မွေးမြူရေးနှင့် နို့ထွက်ပစ္စည်း ထုတ်လုပ်ရေးလုပ်ငန်းသို့ ရောက်ရှိပြီး နို့ထွက်ပစ္စည်းထုတ်လုပ်မှုအဆင့်ဆင့်တို့ကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါလုပ်ငန်းကို ၂၀၀၃ ခုနှစ်တွင် စတင်ခဲ့ပြီး ၂၀၀၄ ခုနှစ်တွင် ကမ္ဘာ့စားနပ်ရိက္ခာနေ့အထိမ်းအမှတ် နို့စားနွားမွေးမြူရေး ထူးချွန်ဆုရရှိခဲ့ကြောင်း သိရသည်။

ယခုအခါ နို့စားနွားကောင်ရေ ၆၀၀ မွေးမြူထားရှိကာ ပေါင်းတင်ပြီးနို့၊ စတော်ဘယ်ရီနို့၊ လိမ္မော်နို့နှင့် စပျစ်နို့ လေးမျိုး ထုတ်လုပ်၍ အရောင်းဆိုင်များ၊ ကုန်တိုက်များသို့ တင်ပို့လျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

# ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းအား တရုတ်ကိုယ်စားလှယ်အဖွဲ့တွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၈

**အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ XJ Group Corporation မှ Managing Director,Mr.Zhang Mingye ခေါင်းဆောင်သည့် အဖွဲ့ဝင်ငါးဦးပါ ကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၇ ရက် နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး၏ရုံးခန်းသို့ လာရောက်တွေ့ဆုံသည်။**



ထိုသို့တွေ့ဆုံရာတွင် အမှတ်(၂) စက်မှုဝန်ကြီးဌာနနှင့် XJ Group Corporation တို့ ပူးပေါင်းဆောင်ရွက်နေသည့် စက်မှုစီမံကိန်းများဆိုင်ရာ ကိစ္စရပ်များနှင့် ဆောလျင်စွာပြီးစီးရေး ကြိုးပမ်းဆောင်ရွက်ရန် အစီအစဉ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ XJ Group Corporation မှ Managing Direct, Mr.Zhang Mingye နှင့် အဖွဲ့ လာရောက်တွေ့ဆုံစဉ်။**

(သတင်းစဉ်)

## ရုပသိပ္ပံသတင်း

# သာမိုမီတာအမျိုးအစားသစ် သိပ္ပံပညာရှင်များတီထွင်

**လန်ဒန် အောက်တိုဘာ ၈**

ပြင်းထန်သော ပေါက်ကွဲမှုများ ဖြစ်ပွားချိန်တွင် အပူချိန်ကို တိုင်းတာပေးနိုင်သော သာမိုမီတာတစ်မျိုးကို ယူနိုက်တက်ကင်းဒမ်းမှ သိပ္ပံပညာရှင်များက တီထွင်ထားကြောင်း ယနေ့ အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

ယူနိုက်တက်ကင်းဒမ်းရှိ အမျိုးသား ရူပဗေဒဓာတ်ခွဲခန်းမှ သိပ္ပံရှင်များသည် ပေါက်ကွဲမှုကြီးများ၏အပူချိန်ကို တိုင်းတာပေးနိုင်ရန် သာမိုမီတာအမျိုးအစားသစ်ကို တီထွင်ထားသည်။ ဖန်မျှင်ကြေးနန်းဖြင့် ဖွဲ့စည်းထားသော ယင်းသာမိုမီတာကို သံမဏိပြွန်ချောင်းတစ်ချောင်းအတွင်း ထားရှိကာ အပူရောင်ခြည်လှိုင်းများ ဖြာထွက်မှုအခြေအနေနှင့် ပတ်သက်၍ သိရှိနိုင်ရန် အာရုံခံကိရိယာပါရှိသည်။

သာမိုကာပယ်လ် (thermocouples)ကိရိယာကဲ့သို့သော သမားရိုးကျ အပူချိန်အာရုံခံကိရိယာများ (temperature sensors) သည် အပူချိန်ကို တိုင်းတာရာတွင် တုံ့ပြန်မှုအရ နှေးကွေးပြီး အလွယ်တကူ ထိခိုက်ပျက်စီးနိုင်သည်။

အပူဆိုင်ရာ လျှပ်စစ်သံလိုက်ဖြာထွက်မှုကို ဖန်မျှင်ကြေးနန်းကြိုးဖြင့် ရယူကာ အပူချိန်ပမာဏကို တွက်ချက်ပေးနိုင်ရန် ဒီဇိုင်းထုတ်ထားကြောင်း သိပ္ပံပညာရှင် ဂေဗင်ဆူတန်က ပြောကြားသည်။***အင်တာနက်။***




**ပေါက်ကွဲမှုများအတွင်း အပူချိန်ကို တိုင်းတာပေးနိုင်သည့် သာမိုမီတာတစ်မျိုးကို တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

**❖ တောင်ငူနှင့်အုတ်တွင်းမြို့နယ်မှ**

မိုးစပါးကို အချိန်မီစိုက်၊ ဒုတိယသီးနှံပဲမျိုးစုံကို ဆက်တိုက်စိုက်၊ တတိယသီးနှံနွေစပါးကို ရာသီမီ အချိန်ကိုက်စိုက်ပျိုးနိုင်သောကြောင့် လျာထားချက်ပြည့်မီခဲ့သည်။

ယခုနှစ်ဦးပိုင်းတွင် ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်း၌ မုန်တိုင်းသင့်လယ်မြေများ စပါးအထွက်လျော့နည်းခဲ့သည်ကို ကာမိအောင် မုန်တိုင်းဒဏ်မခံရသည့်ပဲခူးတိုင်းက စပါးအထွက်တိုးအောင်ဆောင်ရွက်ပြီး လိုအပ်သည့် စားနပ်ရိက္ခာကို ဖြည့်ဆည်းပေးနိုင်ခဲ့သည်။ ယင်းသို့ လျာထားချက် ပြည့်မီခြင်း၊ စပါးအထွက်တိုးခြင်း၊ စားနပ်ရိက္ခာဖူလုံပိုလျှံခြင်းသည် ပဲခူးတိုင်း၌ သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးတွင် အရေးပါသည့် စိုက်ပျိုးရေရရှိရေးအစီအမံများကို ဖန်တီးဖော်ဆောင်ပေးနိုင်သောကြောင့်ဖြစ်သည်။

ပဲခူးတိုင်းတွင် စိုက်ပျိုးရေရရှိရေးစီမံကိန်းပေါင်း ၄၆ခု တည်ဆောက်ပေးခဲ့ပြီးဖြစ်သည်။ ၄၆ ခုမြောက် စီမံကိန်းသည် ပဲခူးတိုင်း တောင်ငူခရိုင် အုတ်တွင်းမြို့နယ်၌ ဇွန်လက တည်ဆောက်ပြီးစီးခဲ့သည့် ခပေါင်းရေလှောင်ဆည်ဖြစ်သည်။ ယင်းဒေသတွင် မတ် ၂၃ ရက်က ခပေါင်းရေလှောင်တမံကို ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်သည်။ ခပေါင်းရေလှောင်တမံအတွင်း၌ သိုလှောင်ထားသည့်ရေကို အသုံးပြုကာ ခပေါင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကိုလည်း တည်ဆောက်ပေးထားသည်။

လျှပ်စစ်ဓာတ်အားထုတ်လုပ်ရာတွင် အသုံးပြုသောရေကို ခပေါင်းချောင်းတစ်လျှောက် စီးဆင်းစေပြီး စီးဆင်းသောရေကို စုစည်းကာ လက်ဝဲလက်ယာတူးမြောင်းများမှတစ်ဆင့် လယ်မြေများသို့ ရေပေးဝေနိုင်ရေးအတွက် ယခုရေလွှဲဆည်ကြီးကို တည်ဆောက်ဖွင့်လှစ်ပေးခဲ့ခြင်း ဖြစ်သည်။

ရေလွှဲဆည်များအကျိုးကျေးဇူးကြောင့် နွေစပါးဧက လေးသိန်းကျော် စိုက်ပျိုးရေ ရရှိခဲ့သည်။ ခပေါင်းရေလှောင်တမံ၏ ဆည်ရေသောက်ဒေသများမှာ တောင်ငူနှင့်အုတ်တွင်း နှစ်မြို့နယ်အတွင်းမှ ကျေးရွာအုပ်စု ၆၁ အုပ်စုဖြစ်သည်။ ထိုကျေးရွာအုပ်စုများ၌ လယ်မြေဧကတစ်သိန်းတွင် မိုးစပါး ဧက ၉၈၄၀၀ စိုက်ပျိုးပြီး ကြံသီးနှံဧက ၈၃၀ နှင့် ဥယျာဉ်ခြံဧက ၇၉၀ စိုက်ပျိုးထားသည်။

ဒုတိယသီးနှံအဖြစ် နွေစပါးဧက ၆၄၀၀ နှင့် ပဲမျိုးစုံ ဧက ၃၅၀၀၀ ဆီထွက်သီးနှံဧက ၃၂၀၀၊ စုစုပေါင်းသီးထပ်ဧက ၄၄၆၀၀ စိုက်ပျိုးထားရာ သီးနှံစိုက်စွမ်းအား ၁၄၅ ရာခိုင်နှုန်းရှိသည်ကို အားရဖွယ်တွေ့မြင်ရသည်။ အုတ်တွင်းမြို့နယ်မှ ဒေသခံ ဦးသန်းထိုက်က ခပေါင်းရေလွှဲဆည် တည်ဆောက်ပေးခြင်းကြောင့် ဒေသခံပြည်သူများ အကျိုးစီးပွားဖြစ်ထွန်းရသည့်အတွက် နိုင်ငံတော်ကို ကျေးဇူးအထူးတင်ရှိကြောင်း ပြောကြားသည်။

ခပေါင်းရေလွှဲဆည်သည် ခပေါင်းရေလှောင်တမံ၏ အောက်ဘက် ငါးမိုင်အကွာတွင် ရှိသည်။ သံကူကွန်ကရစ်အမျိုးအစားဖြစ်ပြီး အမြင့် ၂၅ပေ၊ အကျယ်ပေ ၁၅၀ရှိသည်။ ရေထိန်းတံခါးမှာ ယာဘက်ကမ်း၌ ငါးပေအကျယ်၊ ၆ပေ ၃လက်မအမြင့် သုံးပေါက်နှင့် ဝဲဘက်ကမ်း၌ ၅ပေ အကျယ်၊ ၆ပေ ၃လက်မအမြင့် နှစ်ပေါက်ရှိသည်။ လက်ယာတူးမြောင်းမကြီး၏ အလျားမှာ ၁၄ ဒသမ ၄၀မိုင်၊ လက်ဝဲတူးမြောင်းမကြီး၏ အလျားမှာ ၁၅ ဒသမ ၅၀ မိုင်ဖြစ်၍ တူးမြောင်းမကြီးသည် စုစုပေါင်း အလျား ၂၉ ဒသမ ၁၉ မိုင် ရှည်လျားသည်။

လက်တံမြောင်းများမှာ လက်ယာမြောင်းတွင် အလျား ၃၆ ဒသမ ၃၃မိုင်၊ လက်ဝဲမြောင်းတွင် အလျား ၂၄ဒသမ မိုင် ၅၀ စုစုပေါင်း ၆၀ ဒသမ ၈၃ မိုင်ရှိပြီး ဆည်ရေပေးနိုင်သည့်ဧကမှာ တောင်ငူမြို့နယ်၌ ဧကလေးသောင်း၊ အုတ်တွင်းမြို့နယ်၌ ဧကခြောက်သောင်း စုစုပေါင်း ဧကတစ်သိန်းဖြစ်သည်။

ဤမျှ အကျိုးကျေးဇူးကြီးမားလှသည့် ခပေါင်းရေလွှဲဆည် တည်ဆောက်ပေးနိုင်မှုကြောင့် တောင်ငူနှင့်အုတ်တွင်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၆၁ အုပ်စုမှ ဒေသခံပြည်သူများ စိုက်ပျိုးရေးထုတ်ကုန်များ ပိုမိုတိုးတက်ထုတ်လုပ်ကာ တောင်သူများ၏စီးပွားရေး တိုးတက်မြင့်မားလာနေပြီဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။

**❑ ကျောဖုံးမှ**

ပျောက်ကွယ်နိုင်ကြောင်း စမစ်က ပြောကြားသည်။ ပါမောက္ခစမစ်နှင့် သိပ္ပံပညာရှင်များသည် နို့တိုက်သတ္တဝါ ၅၄၈၇ မျိုးနှင့် ပတ်သက်နေသော လေ့လာတွေ့ရှိချက်များကို ကွန်ပျူတာဒေတာဘေ့စ် အသုံးပြု၍ မှတ်တမ်းတင်ထားသည်။

လူ့ပယောဂကြောင့် တောရိုင်းတိရစ္ဆာန်များ၏ ဘာသာဘာဝ ကျက်စားရာနေရာများ ပျောက်ကွယ်လာရခြင်းသည် နို့တိုက်သတ္တဝါများ မျိုးသုဉ်းမှုကို ဖြစ်ပေါ်စေကြောင်း ၎င်းကပြောကြားသည်။

***အင်တာနက်။***



**မျိုးသုဉ်းနိုင်သော နို့တိုက်သတ္တဝါ များတွင် မက္ကဆီကိုအညိုရောင်ဝံပုလွေ ပါဝင်သည်။**

*(ဓာတ်ပုံ-အင်တာနက်)*

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၉-၁၀-၂၀၀၈ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၂၅ | ၂။ | ကျန်းမာဖို့အတူကစားစို့ |
| ၇း၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇း၄၀ | ၄။ | ချစ်စရာ့အရွယ် ကကြိုးသွယ် |
| ၇း၅၀ | ၅။ | ပြည်ထောင်စု တိုင်းရင်းသားရိုးရာ တေးသံသာ |
| ၈း၀၀ | ၆။ | **"ကျန်းမာသန်ထွား ဉာဏ်မြင့်မား" "မင်းရာဇာ၊ မျိုးစန္ဒီကျော်၊ တက္ကသိုလ်ဂွမ်းပုံ) [ဒါရိုက်တာခင်ဇော်(ကုမုဒြာ)]** |
| ၈း၁၀ | ၇။ | တေးဂီတအစီအစဉ် |
| ၈း၂၀ | ၈။ | ၂၀၀၈ခုနှစ်(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန်(ကာလပေါ်တေး/ခေတ်ဟောင်းတေး) (အခြေခံပညာ ၁၅-၂၀နှစ်) (အမျိုးသမီး) |
| ၈း၃၀ | ၉။ | International News. |
| ၈း၄၅ | ၁၀။ | အတီးပြိုင်ပွဲ |
| ၉း၀၀ | ၁၁။ | အစီအစဉ်ပြီး၏။ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၄း၁၀ | ၂။ | အကပဒေသာ |
| ၄း၂၀ | ၃။ | နိုင်ငံစီးပွား အလေးထား ကျေးလက်ထုတ်ကုန်များ |
| ၄း၃၀ | ၄။ | တေးဂီတအစီအစဉ် |
| ၄း၄၀ | ၅။ | အတီးပြိုင်ပွဲ |
| ၄း၅၀ | ၆။ | အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (မြန်မာစာအထူးပြု) (မြန်မာစာ) |
| ၅း၀၅ | ၇။ | မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ |
| ၅း၁၅ | ၈။ | **"သတိနဲ့ယှဉ် အသိနဲ့ပြင်" (အပိုင်း-၁) (ဝါးခယ်မရဲမောင်၊ ဘုန်းလျှန်၊ မြတ်ကေသီအောင်၊ ရတနာခင်၊ ဟန်နီထွန်း၊ ပြည့်ဖူးခိုင်၊ နီနီရွှေရည်၊ ဆောင်းနှင်းဝေ၊ ဝိုင်းစုခိုင်သိန်း၊ အိုင်းရစ်လေပြည်) (ဒါရိုက်တာ မင်းအုပ်စိုး)** |
| ၅း၂၅ | ၉။ | တေးဂီတအစီအစဉ် |
| ၅း၃၅ | ၁၀။ | ကြယ်ပွင့်များရဲ့ ရင်ခုန်သံ |
| ၅း၄၅ | ၁၁။ | ၂၀၀၈ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန်(ကာလပေါ်တေး/ခေတ်ဟောင်းတေး) (အခြေခံပညာ ၁၀-၁၅နှစ်) (အမျိုးသား) |
| ၆း၀၀ | ၁၂။ | ညနေခင်းသတင်း |
| ၆း၃၀ | ၁၃။ | မိုးလေဝသအခြေအနေ |
| ၆း၃၅ | ၁၄။ | အဆိုပြိုင်ပွဲ |
| ၆း၄၅ | ၁၅။ | မုန်တိုင်းလွန်ကာလ မြင်ကွင်းသစ်များ (အပိုင်း-၂) |
| ၆း၅၅ | ၁၆။ | မှုဟန်သွယ်သွယ် ဆိုကြမယ် |
| ၇း၀၀ | ၁၇။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "ကုန်သွယ်မုန်တိုင်း" (အပိုင်း-၁၅)** |
| ၈း၀၀ | ၁၈။ | ပြည်တွင်းသတင်း |
| | ၁၉။ | နိုင်ငံတကာသတင်းများ |
| | ၂၀။ | မိုးလေဝသအခြေအနေ |
| | ၂၁။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "ပင်လယ်ပျော်မင်းသား" (အပိုင်း-၃၅)** |
| | ၂၂။ | အစီအစဉ်ပြီး၏။ |





ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဆားလင်းကြီးမြို့နယ် ဖောင်းကတာကျေးရွာတွင် ထပ်ဆင့်မြစ်ရေတင်စနစ်ဖြင့် ယာမှုလယ်ပြောင်း၍စိုက်ပျိုးထားသော စပါးစိုက်ခင်းများကို ကြည့်ရှုစဉ်။

(သတင်းစဉ်)

ဆားလင်းကြီးမြို့နယ် ကျွန်းဖိုပင်ကျေးရွာတွင် သဘာဝဓာတ်မြေဩဇာနှင့် ဓာတ်မြေဩဇာပေါင်းစပ်အသုံးပြု၍ စိုက်ပျိုးအောင်မြင်လျက်ရှိသော ငွေချည် (၆) ချည်မျှင်ရှည်ဝါ စံပြစိုက်ခင်းကို တွေ့ရစဉ်။

(သတင်းစဉ်)

# ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်တည်ဆောက်နေမှု ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ကြည့်ရှု

နေပြည်တော် အောက်တိုဘာ ၈

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် အောက်တိုဘာ ၅ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်း ပုလဲမြို့နယ်ရှိ ကန့်ဒေါင့်ရေလှောင်တမံသို့ရောက်ရှိရာဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၄)လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မင်းနိုင်က ရေလှောင်တမံအတွင်း ရေဝင်မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ဝန်ကြီးက လိုအပ်ချက်များအပေါ် ညှိနှိုင်းဆွေးနွေးပြီး ဆည်ရေသောက် ဧရိယာအတွင်း စိုက်ပျိုးဖြစ်ထွန်းနေသည့် လယ်ယာစိုက်ခင်းများကို ကြည့်ရှုကာ ဒေသခံတောင်သူလယ်သမားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး အားပေးစကားပြောကြားသည်။**

ယင်းနောက် ဝန်ကြီးသည် ဆားလင်းကြီးမြို့နယ် ကျားတက်ကျေးရွာသို့ ရောက်ရှိ၍ "ပညာပန်းတိုင်" ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီးတာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် ဆားလင်းကြီးမြို့နယ် ကျွန်းဖိုပင်ကျေးရွာ၌ သဘာဝ ဓာတ်မြေဩဇာနှင့် ဓာတ်မြေဩဇာပေါင်းစပ်အသုံးပြု၍ စိုက်ပျိုးအောင်မြင်လျက်ရှိသော ငွေချည်(၆) ချည်မျှင်ရှည်ဝါ စံပြစိုက်ခင်းကို လည်းကောင်း၊ ဆားလင်းကြီးမြို့နယ် ဖောင်းကတာကျေးရွာတွင် ထပ်ဆင့် မြစ်ရေတင်စနစ်ဖြင့်ယာမှုလယ်ပြောင်း၍စိုက်ပျိုးထားသော စပါးစိုက်ခင်းများကို လည်းကောင်း ကြည့်ရှုပြီး ဒေသခံတောင်သူလယ်သမားများအား ရင်းနှီးစွာ နှုတ်ဆက်အားပေးစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



## ○ တိရစ္ဆာန်ဥယျာဉ်မှ

စုစုပေါင်း ၈၇ မျိုးတွင် တိရစ္ဆာန်ကောင်ရေ ၆၂၈ ကောင် မွေးမြူပြသထားရှိသည်။

တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်)ကို လက်ရှိအစီအစဉ်များထက် Animal Show ကို မကြာမီအချိန်အတွင်း စီစဉ်ပြသဆောင်ရွက်မည် ဖြစ်ကြောင်း ကြားသိရသဖြင့် မိမိတို့ သတင်းအဖွဲ့သည် တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်) မှ အထူးအရာရှိ ဦးအောင်ကျော်ထွန်းနှင့် ဆက်သွယ်ကာ Animal Show တွင် ပါဝင်ပြသမည့် တိရစ္ဆာန်များအား လေ့ကျင့်သင်ကြားနေမှု အခြေအနေကို သွားရောက် သတင်းရယူခဲ့ပါသည်။

Animal Show ၌ ပါဝင်ပြသမည့် ယဉ်ပါးလိမ္မာသည့် တိရစ္ဆာန်ကလေးများမှာ ဆင်လိမ္မာမလေး မေအုန်းမြင့်၊ ဝက်ဝံလိမ္မာမလေး ဆုန်ဆုန်၊ မျောက်လိမ္မာမလေး မစွာတေး၊ ခွေးလိမ္မာကြီး ဂျက်ကီနှင့် ယဉ်ပါးသည့် စပါးအုံးမြွေကြီးလေးကောင်၊ ဒေါသကြီးသည့် ငန်းစောင်းမြွေ တစ်ကောင်တို့ ဖြစ်သည်။



ခွေးလိမ္မာလေးများကလည်း မီးကွင်းခုန်အပြေးကို သက်လုံကောင်းစွာ လေ့ကျင့်နေစဉ်။

ဆင်လိမ္မာမလေး မေအုန်းမြင့်မှာ ယခင်က ဆင်လိမ္မာပြကွက်တွင် ပြသလျက်ရှိသော အလံတင်အခမ်းအနား၊ ဘောလုံးကန်ခြင်း၊ ဂိုးဖမ်းခြင်း၊ ဘီးလှိမ့်ကစားခြင်း၊ သစ်လုံးတန်းပေါ် လမ်းလျှောက်ခြင်း၊ သစ်လုံးများ ရွှေ့ပြောင်း သယ်ယူခြင်း၊ ဆင်ထိန်းများနှင့် ဆော့ကစားခြင်းစသည့် ပြကွက်များအပြင် တစ်မူထူးခြားစွာ အခြား ဆင်လိမ္မာများ မပြုလုပ်နိုင်သော ကိုယ်တိုင်ဘာဂျာမှုတ်၍ တင်ဆက်ကပြထားသည့် အထူးအစီအစဉ်တစ်ရပ်အဖြစ် ဖျော်ဖြေမည်ဖြစ်သည်။

ဝက်ဝံလိမ္မာမလေး ဆုန်ဆုန်မှာ အသက်ရှစ်လသာ ရှိသေးသော်လည်း အရွယ်နှင့်မလိုက်အောင် ဘီးလှိမ့်လမ်းလျှောက်ခြင်း၊ သစ်သားတန်းပေါ် လမ်းလျှောက်ခြင်း၊ နောက်ပြန်လျှောက်ခြင်း၊ ကျွမ်းထိုးခြင်း စသည်ဖြင့် ကျွမ်းကျင်လိမ္မာစွာ တင်ဆက်ဖျော်ဖြေနိုင်စေရန် လေ့ကျင့်လျက်ရှိသည်ကို တွေ့ရှိခဲ့ရသည်။

ဆက်လက်၍ မျောက်လိမ္မာမလေး မစွာတေးမှာ မျက်နှာရွှင်လန်းလျက် သွက်လက်ပေါ့ပါးစွာ နောက်ကျွမ်းပစ်လေ့ကျင့်နေခြင်း၊ ကျွမ်းကျင်စွာ ကင်းမြီးကောက်ထောင်ခြင်း၊ သစ်သားတန်းပေါ် ကင်းမြီးကောက်ထောင် လမ်းလျှောက်ပြခြင်းတို့ကို မမောနိုင်မပန်းနိုင် Show ပွဲဝင်ရန် လေ့ကျင့်နေသည်ကို စိတ်ဝင်စားဖွယ်မြင်တွေ့ရသည်။

ခွေးလိမ္မာကြီး ဂျက်ကီကလည်း လေ့ကျင့်သားပြည့်ဝနေသော ခန္ဓာကိုယ်အချိုးအစားဖြင့်ကျန်းမာသန်စွမ်းစွာတန်းကျော်အပြေး၊ ပန်းကွင်းခုန်အပြေးနှင့် မီးကွင်းခုန်အပြေးတို့ကို သက်လုံကောင်းစွာ လေ့ကျင့်နေသည့်အပြင် စကိတ်စီးကစားခြင်းကိုလည်း ကျွမ်းကျင်စွာဆော့ကစားလျက်ရှိသည်။

ထို့ပြင် လေ့ကျင့်မှုဖြင့် ယဉ်ပါးနေသော စပါးအုံးမြွေကြီးလေးကောင်နှင့်အတူ မိန်းမပျိုလေးများက ရင်းနှီးကျွမ်းဝင်စွာ ယှဉ်တွဲကပြနေမှု ပြကွက်ကလည်း ပရိသတ်များအဖို့ အထူး စိတ်ဝင်စားဖွယ်ကောင်းသည့် ပြကွက်ဆန်းတစ်ခုဖြစ်သည်။ အလားတူဒေါသအမျက် အပြင်ထွက်လျက်ရန်လိုကာ ယှဉ်ပြိုင်အနိုင် ဆော့ကစားနေသော ငန်းစောင်းမြွေ၏ ပြကွက်မှာလည်း အသည်းတထိတ်ထိတ်ဖြင့် အံ့မခန်းတွေ့မြင်ခဲ့ရပါသည်။

အဆိုပါ Animal Show များကို လာမည့် သီတင်းကျွတ်လပြည့်နေ့တွင် အထူးအစီအစဉ်အဖြစ် စတင်ပြသသွားမည်ဖြစ်သည်ကို တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်) မှ အထူးအရာရှိ ဦးအောင်ကျော်ထွန်းက မိမိတို့ သတင်းအဖွဲ့အား ပြောပြပါသည်။ ဆက်လက်ပြီး Animal Show အစီအစဉ်များကို သီတင်းကျွတ်လပြည့် အထူးအစီအစဉ်အပြီး အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ဆက်လက်ပြသသွားမည့်အပြင် နေ့ကြီးရက်ကြီးများတွင်လည်း ထည့်သွင်းပြသမည်ဖြစ်ကြောင်း သိရသည်။

တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)တွင် နိုင်ငံတကာအဆင့်မီ ပြကွင်းပြကွက်များ ပြသထားသည့်အပြင် ကလေးသူငယ်များပါ မြူးထူးပျော်ရွှင်စေမည့် ခေတ်မီကလေးကစားကွင်းတစ်ခု စီစဉ်ဆောင်ရွက်ထားရှိသဖြင့် လာရောက်အပန်းဖြေအနားယူကြမည့် ပရိသတ်များကို စိတ်ကြည်နူးမှု အပြည့်အဝပေးနိုင်ရေးအတွက် တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)ကနွေးထွေး ပြုလျက်ရှိပါကြောင်း ရေးသားစွာ လက်ကမ်း ကြိုဆိုမှုများ လိုက်ရပါသည်။ ။



**တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)တွင် လာမည့်သီတင်းကျွတ်လပြည့်နေ့၌ အထူးအစီအစဉ်အဖြစ် Animal Show များ စတင်ပြသသွားမည်ဖြစ်ကြောင်းကို တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်) မှ အထူးအရာရှိ ဦးအောင်ကျော်ထွန်း ရှင်းပြစဉ်။**

### မျောက်လိမ္မာလေး

**Animal Show တွင် ပါဝင်ပြသမည့် မျောက်လိမ္မာလေး၏ ပြကွက် လေ့ကျင့်နေမှုကို တွေ့ရစဉ်။**



## အင်္ဂလန်အသင်းတွင် ဒေးဗစ်ဘက်ခမ်း ထပ်မံရွေးချယ်ခံရပြီး မိုက်ကယ်အိုဝင်နှင့် ဒေးဗစ်ဘန်တလေတို့ ချန်လှပ်ထားခြင်းခံရ

ဘော လုံး အား က စား သ တင်း များ

လန်ဒန် အောက်တိုဘာ ၈

**အင်္ဂလန်နည်းပြ ကာပယ်လိုသည် ကာဇက်စတန်၊ ဘီလာရုစ်တို့နှင့် ကစားရမည့် ၂၀၁၀ ကမ္ဘာ့ဖလားခြေစစ်ပွဲအတွက် အင်္ဂလန်လူစာရင်းကို ထုတ်ပြန်ကြေညာလိုက်သည်။ ကာပယ်လိုထုတ်ပြန်လိုက်သည့် လူစာရင်းတွင် မိုက်ကယ်အိုဝင်မှာ ထပ်မံချန်လှပ်ထားခြင်းခံရပြီး ဒေးဗစ်ဘန်တလေ၊ ဂျင်မီဘူလော့ဒ်နှင့် ကြံ့ခိုင်မှုမပြည့်ဝသည့် ဂျိုကိုးလ်နှင့် ဂိုးသမားရော်ဘင်ဆင်တို့လည်း ချန်လှပ်ထားခြင်း ခံခဲ့ရသည်။**



ကာပယ်လို၏အင်္ဂလန်လူစာရင်းတွင် ထပ်မံချန်လှပ်ထားခြင်းခံရသည့် မိုက်ကယ်အိုဝင်။

အင်္ဂလန်အသင်းသည် ၂၀၁၀ ကမ္ဘာ့ဖလားခြေစစ်ပွဲ တတိယပွဲစဉ်အဖြစ် အောက်တိုဘာ ၁၁ရက်တွင် ဝင်ဘလေကွင်း၌ ကာဇက်စတန်နှင့် အိမ်ကွင်း၊ စတုတ္ထပွဲစဉ်အဖြစ် အောက်တိုဘာ ၁၅ရက်တွင် ဘီလာရုစ်နှင့် အဝေးကွင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အင်္ဂလန်အသင်းသည် ဥရောပဇုန်၏ အုပ်စု(စ)တွင် ယူကရိန်း၊ ခရိုအေးရှား၊ ဘီလာရုစ်၊ ကာဇက်စတန်၊ အင်ဒိုရာတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေသည်။ ကာပယ်လို၏ အင်္ဂလန်အသင်းမှာ လက်ရှိ နှစ်ပွဲကစားအပြီးတွင် နှစ်ပွဲစလုံး အနိုင်ရရှိထားကာ ရမှတ်ခြောက်မှတ်ဖြင့် ဇယားထိပ်တွင် ဦးဆောင်နေသည်။

ကာပယ်လို ထုတ်ပြန်လိုက်သည့် အင်္ဂလန် လူစာရင်းမှာ အောက်ပါအတိုင်းဖြစ်သည်။ ဂိုး-ဒေးဗစ်ဂျိမ်းစ်(ပို့စ်မောက်)၊ ရောဘတ်ဂရင်း(ဝက်စ်ဟမ်း)၊ ကာဆန်(ဝက်စ်ဘရွန်း)၊ နောက်တန်း- ဝိန်းဘရစ်ချ်(ချယ်လ်ဆီး)၊ ဝက်စ်ဘရောင်း(မန်ယူ)၊ အက်ရှ်လေကိုး(ချယ်လ်ဆီး)၊ ဖာဒီနန်(မန်ယူ)၊ ဂွျန်တယ်ရီ(ချယ်လ်ဆီး)၊ ဂွျန်ဆင်(ပို့စ်မောက်)၊ လက်စကော့(အဲဗာတန်)၊အပ်ဆန်(ဝက်စ်ဟမ်း)၊ အလယ်တန်း-လမ်းပတ်(ချယ်လ်ဆီး)၊ ဂျရတ်(လီဗာပူး)၊ ဘယ်ရီ(ဗီလာ)၊ ဂျီးနပ်စ်(စပါး)၊ ဖိလစ်(မန်စီးတီး)၊ ဘက်ခမ်း(ဂလက်ဆီ)၊ ဒေါင်းနင်း(မစ်ဒယ်ဘရော့)၊ ရှေ့တန်း-ဝိန်းရွန်နေး(မန်ယူ)၊ ဝေါလ်ကော့(အာဆင်နယ်)၊ ဒီဖိုး(ပို့စ်မောက်)၊ ပီတာခရော့ချ်(ပို့စ်မောက်)၊ ဟတ်စကီး(ဝီဂန်)။



## ဝီဂန်ကွင်းလယ်လူပလာစီယာ့စ်အား ဖာဂူဆန်စိတ်ဝင်စားနေ

ယခုတစ်လောထွက်ပေါ်လာသည့် သတင်းများအရ မန်ယူနည်းပြကြီး ဖာဂူဆန်သည် လာမည့်ဇန်နဝါရီလ အပြောင်းအရွှေ့ကာလတွင် ဝီဂန်နှင့် ဟွန်ဒူးရပ်စ် ကွင်းလယ်ကစားသမား ဝီလ်ဆင်ရောဘာ့တိုပလာစီယာ့စ်**(ဝဲပုံ)**ကို ပေါင် ၁၈သန်းပေးပြီး မန်ယူအသင်းသို့ခေါ်ယူရန် ဆန္ဒရှိနေကြောင်း သိရသည်။ ဖာဂူဆန်သည် ပလာစီယာ့စ်အား ယမန်နှစ်ကပင်ခေါ်ယူရန် စိတ်ဝင်စားနေခဲ့ကြောင်း သတင်းများကဖော်ပြထားသည်။ လက်ရှိမန်ယူအသင်းကွင်းလယ်တွင် ဂစ်နှင့်ပေါလ်စခိုးတို့မှာ အသက်အရွယ်ကြောင့် အကျပိုင်းရောက်နေပြီဖြစ်ခြင်းကြောင့် ဖာဂူဆန်အနေဖြင့် ပလာစီယာ့စ်အားခေါ်ယူနိုင်ခဲ့ပါက မန်ယူကွင်းလယ်ကစားအားမှာ ပြန်လည်ကောင်းမွန်တောင့်တင်းလာတော့မည် ဖြစ်သည်။

## ဘာဘာတော့ဗ်ထက် တောရက်စ်က တန်ဖိုးပိုရှိသည်ဟု ဘင်နီတက်ဇ်ဆိုခြင်းကို မန်စီးတီးနှင့်ပွဲတွင် လက်တွေ့ပြသနိုင်ခဲ့

လီဗာပူးအသင်းနည်းပြ ဘင်နီတက်ဇ်က မိမိအသင်း၏ရှေ့တန်းတိုက်စစ်မှူး ဖာနန်ဒိုတောရက်စ်မှာ မန်ယူတိုက်စစ်မှူး ဘာဘာတော့ဗ်နှင့်မန်စီးတီးကစားသမား ရော်ဘင်ဟိုတို့ထက် ပြောင်းရွှေ့ကြေး နိမ့်ခဲ့သော်လည်း တောရက်စ်၏ ခြေစွမ်းမှာ ၄င်းကစားသမားနှစ်ဦးထက် ပိုမိုထက်မြက် တန်ဖိုးရှိကြောင်းထုတ်ဖော်ပြောကြားခဲ့သည်။ တိုက်စစ်မှူး တောရက်စ်ကလည်း နည်းပြ ဘင်နီတက်ဇ်၏ ဂုဏ်ယူပြောဆိုချက် မှန်ကန်ကြောင်းကို ပြီးခဲ့သည့် မန်စီးတီးနှင့်ပွဲတွင် လက်တွေ့ပြသနိုင်ခဲ့သည်။ တောရက်စ်သည် အဆိုပါပွဲတွင် ကိုယ်တိုင်နှစ်ဂိုးသွင်းပြီး အကောင်းဆုံး ဖန်တီးမှုများပေးနိုင်ခဲ့ကာ ဘောလုံးဖြန့်ဝေပေးပို့မှုမှာ ၇၅ရာခိုင်နှုန်းအထိ ရှိခဲ့သည်။



**ဖာနန်ဒို တောရက်စ်**

**မန်ယူတိုက်စစ်မှူး ဘာဘာတော့ဗ်ထက်ခြေစွမ်းပိုထက်သည့် လီဗာပူး တိုက်စစ်မှူး ဖာနန်ဒို တောရက်စ်။**

ဝင်းတင် (ကြေးမုံ)

### နိုင်ငံတကာ လေကြောင်းမတော်တဆ ဖြစ်ရပ်သတင်းများ

## ကွမ်တပ်စ် လေကြောင်းလိုင်းမှ ခရီးသည်တင်လေယာဉ် အရေးပေါ်ဆင်းခဲ့ရခြင်းမှာ ကွန်ပျူတာချွတ်ယွင်းမှုကြောင့်ဟုဆို

**ပါ့သ် အောက်တိုဘာ ၈**

ကွမ်တပ်စ်လေကြောင်းလိုင်းမှ ခရီးသည်တင်လေယာဉ်တစ်စင်းယမန်နေ့က စင်ကာပူမှ ဩစတြေးလျနိုင်ငံ ပါ့သ်မြို့သို့အသွား အရေးပေါ်ဆင်းသက်ခဲ့ရခြင်း၏ အကြောင်းရင်းမှာ ကွန်ပျူတာစနစ်ချွတ်ယွင်းမှုကြောင့် ဖြစ်နိုင်ဖွယ်ရှိကြောင်း ဩစတြေးလျလေကြောင်း လုံခြုံမှု စစ်ဆေးရေးအဖွဲ့က ပြောကြားသည်။

လေယာဉ်ကွန်ပျူတာစနစ် ချွတ်ယွင်းမှုကြောင့် ပျံသန်းနေဆဲအမြင့်ပေမှ ရုတ်တရက် ဦးစိုက်ဖောက်ထိုး ကျဆင်းသွားခဲ့ရာ လေယာဉ်ပေါ်ပါ ခရီးသည် ၄၀ ဒဏ်ရာရရှိခဲ့ပြီး လေယာဉ်မှာလည်း ဩစတြေးလျအနောက်ပိုင်း ရှိအိတ်စ်မောက်မြို့အနီး လေယာဉ်ကွင်းတစ်ခုသို့ အကူအညီတောင်း၍ ဆင်းသက်ခဲ့ရသည်။ **အင်တာနက်။**

## နီပေါလေယာဉ် ဧဝရက်တောင်ဒေသ၌ ပျက်ကျ ကမ္ဘာလှည့်ခရီးသည် ၁၄ဦးသေဆုံး

**ခတ္တမန္ဒူ အောက်တိုဘာ ၈**

နီပေါနိုင်ငံ ဧဝရက်တောင်ဒေသ၌ ခရီးသည်တင် လေယာဉ်တစ်စင်းပျက်ကျရာ ခရီးသည် ၁၈ဦးသေဆုံးသည့်အနက် ၁၂ဦးမှာ ဂျာမန်ကမ္ဘာလှည့်ခရီးသည်များဖြစ်သည်။ ယင်းတို့အပါအဝင် နိုင်ငံခြားသားစုစုပေါင်း ၁၄ ဦးသေဆုံးခဲ့ကြောင်း လေဆိပ်မှတာဝန်ရှိသူများက ပြောကြားသည်။

လုကလာမြို့အရှေ့ပိုင်းရှိ တန်ဇင်းဟီလာရီလေဆိပ်သို့ ယေတီလေကြောင်းလိုင်းမှ လေယာဉ်ဆင်းသက်စဉ် ပျက်ကျခြင်းဖြစ်ရာ နီပေါလူမျိုး ခရီးသည်တစ်ဦးသာ အသက်ရှင်လျက်လွတ်မြောက်ခဲ့ကြောင်းလည်း ၎င်းတို့က ပြောကြားသည်။

လေယာဉ်သည် ပျက်ကျပြီးနောက် မီးစွဲလောင်ကာ လေဆိပ်ခြံစည်းရိုးကို ဝင်တိုက်ခဲ့ကြောင်း၊ ခရီးသည်စာရင်းအရ ဂျာမန်လူမျိုး ၁၂ဦးနှင့် ဆွစ်လူမျိုး နှစ်ဦးတို့ လိုက်ပါလာကြောင်း လေဆိပ်အရာရှိက ပြောကြားသည်။

ယင်းလေကြောင်းလိုင်းသည် နီပေါနိုင်ငံမြို့တော် ခတ္တမန္ဒူ နှင့် လုကလာမြို့အကြား နေ့စဉ်ပုံမှန်ပျံသန်းသော လေကြောင်းလိုင်းဖြစ်ပြီး လေယာဉ်ပျက်ကျစဉ်က မိုးလေဝသအခြေအနေမှာ ကောင်းမွန်ခဲ့ကြောင်း သတင်းတွင် ဖော်ပြထားသည်။ **အင်တာနက်။**



**ပျက်ကျပြီးနောက် မီးလောင်နေသော လေယာဉ်ကို တွေ့ရစဉ်။**

## မြန်မာနိုင်ငံဆရာဝန်အသင်း အဏုဇီဝဗေဒအဖွဲ့၏ ဟောပြောပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၈**

မြန်မာနိုင်ငံဆရာဝန်အသင်း အဏုဇီဝဗေဒအဖွဲ့က ကျင်းပမည့် "Current Concepts: Traumatic Wound Infection" ဟောပြောပွဲကို အောက်တိုဘာ ၁၂ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမ(အေ)၌ ကျင်းပမည်ဖြစ်သည်။

စိတ်ပါဝင်စားသူ မည်သူမဆိုတက်ရောက်နိုင်ကြောင်းနှင့် တက်ရောက်လိုသူများသည် ဆေးတက္ကသိုလ်(၁) လမ်းမတော် အဏုဇီဝဗေဒဌာန၊ ဆေးတက္ကသိုလ်(၂) အဏုဇီဝဗေဒဌာနနှင့် တပ်မတော်ဆေးတက္ကသိုလ် အဏုဇီဝဗေဒဌာနတို့၌ နံနက် ၁၀နာရီမှ ညနေ ၄နာရီအတွင်း(သို့မဟုတ်) ဟောပြောမည့်နေ့တွင် မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမ(အေ) သိမ်ဖြူလမ်း၌ မှတ်ပုံတင်နိုင်ကြောင်းသိရှိရသည်။ (သတင်းစဉ်)

## မြန်မာနိုင်ငံ မြောက်ပိုင်း၌ မိုးဆက်လက်ထစ်ချုန်းရွာမည်

**ရန်ကုန် အောက်တိုဘာ ၈**

**ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄နာရီအတွင်းက ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊မကွေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ကယားပြည်နယ်၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကွက်ကျား၊ ဧရာဝတီတိုင်းတွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကချင်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ မန္တလေးတိုင်းတွင် နေရာကွက်၍မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** မိုးကုတ်မြို့တွင် ၅ ဒသမ ၁၆ လက်မ၊ မော်လိုက်မြို့တွင် ၂ ဒသမ ၃၆ လက်မ၊ မြစ်ကြီးနားမြို့တွင် ၁ ဒသမ ၁၀ လက်မ၊ ကသာမြို့နှင့် ကျောက်တော်မြို့တွင် ၁ဒသမ ၀၆လက်မစီနှင့် စစ်တွေမြို့တွင် ၁ဒသမ ၀၃လက်မတို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင်တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် သာယာနေသည်။

**အောက်တိုဘာ ၉ရက်ညနေထိ ခန့်မှန်းချက်။** ။ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်။** ။လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။** ။မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

**နေပြည်တော်**နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

**ရန်ကုန်မြို့**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

**မန္တလေးမြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ**

**အမြင့်ဆုံးအပူချိန်**

၃၃ဒသမ ၀ ဒီဂရီစင်တီဂရိတ် (၉၁ ဒီဂရီဖာရင်ဟိုက်) ၇-၁၀-၂၀၀၈

**အနိမ့်ဆုံးအပူချိန်**

၂၁ ဒသမ ၀ ဒီဂရီစင်တီဂရိတ် (၇၀ဒီဂရီဖာရင်ဟိုက်) ၈-၁၀-၂၀၀၈

၀၉း၃၀ နာရီအချိန် စိုထိုင်းဆ ၇၉ ရာခိုင်နှုန်း ၈-၁၀-၂၀၀၈

နေပူသည့်နာရီပေါင်း ၄ဒသမ၀ နာရီခန့် ၇-၁၀-၂၀၀၈

## ထူးကဲဒီရေတက်မည်

**ရန်ကုန် အောက်တိုဘာ ၈**

အောက်တိုဘာ ၁၄ရက်မှ အောက် တိုဘာ ၁၈ရက်အထိ ကာလအတွင်း ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ဒသမ ၁၈ ပေခန့်မှ ၂၁ ဒသမ ၀၀ပေခန့်အထိ ထူးကဲဒီရေတက်မည်ဖြစ်ကြောင်း၊ ယခင် ၂၀၀၆-၂၀၀၇ခုနှစ်များတွင် ရန်ကုန်မြစ်အတွင်း အခြေခံ ရေစစ်မျဉ်းအထက် အမြင့်ပေ ၂၁ ဒသမ ၇ ပေခန့်ထိ တက်ခဲ့ဖူးသဖြင့် စိုးရိမ်ဖွယ်မရှိကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

## မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၈**

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူး၍ တတိယအကြိမ် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို အောက်တိုဘာ ၁၀ရက်(သောကြာနေ့)မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ကုန်သည်လမ်းစာပေဗိမာန်ဒုတိယထပ်ရှိမြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ခန်းမဆောင်၌ ကျင်းပမည်ဖြစ်သည်။

ယင်းအခမ်းအနားသို့ ၂၀၀၇-၂၀၀၈ပညာသင်နှစ်တွင် တက္ကသိုလ်ဝင် စာမေးပွဲ၌ ဂုဏ်ထူးသုံးဘာသာနှင့်အထက် ရရှိကြသည့် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်သားသမီးများမပျက်မကွက် တက်ရောက်ကြရန်နှင့် အောက်တိုဘာ ၉ရက်ညနေ ၄နာရီ နောက်ဆုံးထား၍ သတင်းပို့ကြရန် သက်ဆိုင်ရာများသို့ စာဖြင့်အကြောင်းကြားထားပြီး ဖြစ်သည်။

ဂုဏ်ထူး တစ်ဘာသာနှင့် နှစ်ဘာသာ ရရှိကြသူများကို သက်ဆိုင်ရာ မြို့နယ်များ၏ အစီအစဉ်ဖြင့် ဆုချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေး မော်လမြိုင်-သံဖြူဇရပ်-ရေးလမ်းတစ်လျှောက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၈

**မွန်ပြည်နယ် မော်လမြိုင်မြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေးသည် အောက်တိုဘာ ၁ ရက် နံနက် ၉ နာရီခွဲတွင် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ရာမညခန်းမ၌ ကျင်းပသည့် မွန်ပြည်နယ် နေလှန်းဆားကြမ်းနှင့် အိုင်အိုဒင်းဆားချော တိုးတက်ထုတ်လုပ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။**

ထို့နောက် သထုံမြို့နယ် ဆိတ်ကျွန်းကျေးရွာ၊ သံဖြူဇရပ်မြို့နယ် ပငကျေးရွာနှင့် ကရုပ္ပိကျေးရွာ၊ ရေးမြို့နယ် ပလိုင်တီးကျေးရွာများမှ ဆားလုပ်ငန်းရှင်များက ဆွေးနွေးတင်ပြကြရာ ဗိုလ်ချုပ်သာအေးက လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ် ဖြည့်ဆည်းပေးသည်။

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေးသည် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် မုဒုံမြို့နယ်ကွမ်တာစံပြကျေးရွာရှိ မိုးစပါးဧက၂၀၀ စံပြကွက်၌ မျိုးစပါးယှဉ်ပြိုင်စမ်းသပ်ကွက်၊ စုပေါင်းမြေဩဇာကြဲပက်ခြင်း၊ ရွှေဘို(၁)စပါးမျိုးကွဲ နုတ်ပယ် မျိုးသန့်ခြင်းတို့ကို ကြည့်ရှုအားပေးပြီး ကောက်ကွက်စမ်းသပ်ကွက်ကို ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ☆



သတင်းဆောင်ပါး-
လှရွှေ (ကေတုမတီ)

တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)ရှိ ကလေးကစားကွင်း၌အပန်းဖြေသူများနှင့် ပျော်ရွှင်စွာ ဆော့ကစားနေသော ကလေးများကို တွေ့ရစဉ်။ (အပေါ်ပုံ)

## တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)Animal Show အထူးအစီအစဉ် တင်ဆက်မည်

တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်)ကို အများပြည်သူ စိတ်လက်ပျော်ရွှင်စွာ အပန်းဖြေအနားယူနိုင်ရန်၊ ဗဟုသုတရရှိနိုင်ရန်၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ခဲ့ပါသည်။

တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်)သည် ခမ်းနားထည်ဝါပြီး နိုင်ငံတကာအဆင့်မီ Open Zoo ကြီးဖြစ်သည်။ ခမ်းနားထည်ဝါသလောက် ကျယ်ဝန်းပြီး တိရစ္ဆာန်များသာမက သဘာဝပေါက်ရောက်သော သစ်ပင်များမှာလည်း မျိုးစုံလှသဖြင့် ရုက္ခဗေဒပညာရပ်လေ့လာနေသူ ကျောင်းသား၊ ကျောင်းသူများအတွက် ဗဟုသုတများရှာမှီးဖွယ်ရာ ဥယျာဉ်ကြီးတစ်ခုသဖွယ် ဖြစ်နေသည်။

တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်)တွင် တိရစ္ဆာန်ပြကွက်ပေါင်း ၂၇ကွက်ပြသထားရာ လာရောက်လေ့လာသူများ အမြင်မရိုးရအောင် ဆွဲဆောင်မှုအားကောင်းလျက်ရှိသည်။ ပြကွက် ၂၇ခုတွင် နို့တိုက်သတ္တဝါ ၃၂မျိုး၊ ကျေးငှက် ၄၃မျိုး၊ တွားသွားသတ္တဝါ ၁၂မျိုး

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❍

## ကမ္ဘာ့နို့တိုက်သတ္တဝါအချို့မျိုးသုဉ်းနိုင်မှု သုတေသနစာတမ်းတွင် လေ့လာဖော်ပြ

ဝါရှင်တန် အောက်တိုဘာ ၈

ကမ္ဘာပေါ်ရှိ နို့တိုက်သတ္တဝါမျိုးစိတ်လေးမျိုးလျှင် တစ်မျိုးမှာ မျိုးသုဉ်းမည့် ဘေးအန္တရာယ်ကျရောက်နေကြောင်း၊ နို့တိုက်သတ္တဝါမျိုးစိတ်နှစ်မျိုးလျှင်တစ်မျိုးမှာ အရေအတွက်အရ ကျဆင်းနေကြောင်း ယနေ့ အင်တာနက်သတင်းတွင် ဖော်ပြသည်။

"တစ်ကမ္ဘာလုံးဆိုင်ရာ နို့တိုက်သတ္တဝါများ၏ အခြေအနေလေ့လာချက် " (Global Mammal Assessment) ဟု အမည်ပေးထားသော သုတေသနစာတမ်းတွင် အထက်ပါအတိုင်း ဖော်ပြထားခြင်းဖြစ်သည်။

သိပ္ပံဂျာနယ်တွင် ရေးသားဖော်ပြထားသော ယင်းစာတမ်းသည် ဘာသာဘာဝ တည်ရှိသည့် နို့တိုက်သတ္တဝါများနှင့်ပတ်သက်၍ ကမ္ဘာပေါ်တွင် အပြည့်စုံဆုံး သုတေသနပြုချက်ဖြစ်သည်။

အမေရိကန်နိုင်ငံ အာရီဇိုးနားပြည်နယ် တက္ကသိုလ်မှ ပါမောက္ခ အင်ဒရူးစမစ်သည် နို့တိုက်သတ္တဝါများနှင့်ပတ်သက်၍ ငါးနှစ်ကြာ သုတေသနလုပ်ငန်းကို ဦးဆောင်ခဲ့သူဖြစ်သည်။

မက္ကဆီကို အညိုရောင် ဝံပုလွေတစ်မျိုးမှာ မျိုးသုဉ်း

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❑

## ဖျာပုံ-ဘိုကလေးကားလမ်း ပုံမှန်အသုံးပြုနိုင် ပြည်သူများ လွယ်ကူစွာသွားလာနိုင်၍ ကျေနပ်ပျော်ရွှင်

သတင်းဆောင်ပါး-မော်ကျွန်းမြင့်အောင်(ပြန်/ဆက်)

လမ်းပန်းဆက်သွယ်မှု အဆင်ပြေချောမွေ့လွယ်ကူခြင်းသည် ကုန်စည်စီးဆင်းမှု လျင်မြန်မှန်ကန်စေပြီး အရပ်ဒေသတစ်ခု၏ ထွက်ကုန်ပစ္စည်းကို အခြားအရပ်ဒေသတစ်ခု၏ ဒေသထွက်ကုန်ပစ္စည်းများဖြင့် ဖလှယ်ရောင်းဝယ်နိုင်ကြသဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ရရှိကြမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ဒေသတစ်နံတစ်လျားတွင် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးအတွက် တစ်မြို့နယ်နှင့်တစ်မြို့နယ် ဆက်သွယ်သွားလာနိုင်ရေးကို အလေးထားပြီး လမ်းများ၊ တံတားများကို ဆက်သွယ်ဖောက်လုပ်ပေးလျက်ရှိသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❁



ဖျာပုံ-ဘိုကလေး ကားလမ်းကို ပြုပြင်ပြီးနောက် တွေ့ရစဉ်။